


အတွဲ (၂) အမှတ် (၃)    ၂၀၂၃ ခုနှစ်၊ မေလ ( ၁၀ ) ရက်

## ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက်



“ဒေသတွင်း သာယာလုပရေး၊ တည်ငြိမ်အေးချမ်းရေး၊ လမ်းပန်း ဆက်သွယ်မှု ကောင်းမွန်ရေး တို့ကို ဆောင်ရွက်နိုင်မည် ဆိုပါက ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဒေသအတွက် ဝင်ငွေများ ရရှိမည်ဖြစ်ကြောင်း။”

## ၂၀၂၃ ခုနှစ်၊ မတ် ၁၈ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများအားတွေ့ဆုံခြင်းမှ ကောက်နုတ်ချက်



“မီးခိုးမထွက်သော စက်ရုံများဟု တင်စားခေါ်ဝေါ်သော ပြည်တွင်း/ ပြည်ပ ငွေရှာဖွေပေးနေသည့် ခရီးသွားလုပ်ငန်းကို မြှင့်တင်နိုင်ရန် ဒေသထုတ်ကုန်များကိုလည်း ရိုးရာမပျက်တိုးမြှင့် ထုတ်လုပ်နိုင်ရန်လိုကြောင်း။”

# မာတိကာ


- ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက် — ၁
- ၂၀၂၃ ခုနှစ်၊ မတ် ၁၈ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံခြင်းမှ ကောက်နုတ်ချက် — ၁
- နယ်စပ်ဂိတ်များမှ တစ်ဆင့် ခရီးသွားများ ဝင်ရောက်၊ ထွက်ခွာနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ မြန်မာ- လာအို နယ်စပ်ဂိတ်များမှတစ်ဆင့် ပြည်ပခရီးသွားဧည့်သည်များ လည်ပတ်နိုင်ရေး ပိုင်းဝန်းကူညီ — ၃
- ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ရုရှား-မြန်မာ ပူးပေါင်း ဆောင်ရွက်ရေး မဟာဗျူဟာဆိုင်ရာ ကွန်ဖရင့်နှင့် မြန်မာ- စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်းဖိုရမ်သို့ အွန်လိုင်းမှတက်ရောက် အမှာစကားပြောကြား — ၃-၄
- ပြည်တွင်းရှိ ခရီးစဉ်ဒေသများသို့ ပြည်တွင်း ပြည်ပ ခရီးသွား ဝင်ရောက်မှုတိုးတက်ရေး ကြိုးစားဆောင်ရွက်လျက်ရှိ — ၄-၅
- ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၃) အစည်းအဝေးကျင်းပ — ၅
- မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းအင်း အချက်အလက်များ(၂၀၂၂)၊ ပြည်တွင်းနှင့် ပြည်ဝင်ခရီးသွားစစ်တမ်း (၂၀၂၂) တွေ့ရှိချက်များ ရှင်းလင်းတင်ပြခြင်းနှင့် ခရီးသွားလုပ်ငန်း သုတေသန စကားဝိုင်းဆွေးနွေးပွဲကျင်းပ — ၆
- ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ — ၆-၇
- ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ပုဂံဒေသ ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက် — ၇
- ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ရှမ်းပြည်နယ် ညောင်ရွှေမြို့နှင့် ကလောမြို့ရှိ ဟိုတယ်နှင့်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက် — ၇-၈
- ငပလီကမ်းခြေဒေသခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အားလုံးဝိုင်းဝန်းပါဝင်ဆောင်ရွက် — ၈-၉
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက် — ၉
- အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းများဆိုင်ရာ အသိပညာ ဆွေးနွေးပွဲကို တောင်ကြီးမြို့ရှိ တော်ဝင်တောင်ကြီး ဟိုတယ်တွင် ကျင်းပပြုလုပ် — ၉-၁၀
- (၅၁) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်း အဖွဲ့အစည်းအဝေး၊ မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်း ညှိနှိုင်းရေးရုံး ဘုတ်အဖွဲ့အစည်းအဝေးနှင့် မဲခေါင်ခရီးသွား လုပ်ငန်းဖိုရမ်-၂၀၂၃သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက် — ၁၀
- လုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာများဖွင့်လှစ်ထားမှု၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမှု၊ ပြည်ပဧည့်သည်လာရောက်မှုနှင့် ဧည့်စာရင်းစီမံခန့်ခွဲမှုစနစ်အသုံးပြုမှု အခြေအနေများ — ၁၀-၁၂
- ဝန်ကြီးဌာန၏ e-Government ဆိုင်ရာ အကောင်အထည် ဖော်ဆောင်ရွက်နေမှုများ — ၁၂
- လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ — ၁၃-၁၄
- ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များ — ၁၄
- နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ — ၁၄-၁၅
- ကရင်ပြည်နယ်၊ ဘားအံမြို့၏ ခရီးသွားလုပ်ငန်း ဆောင်ရွက်မှုများ — ၁၅-၁၆
- မွန်ပြည်နယ်၊ မော်လမြိုင်မြို့၏ ခရီးသွားလုပ်ငန်း ဆောင်ရွက်မှုများ — ၁၆
- ရခိုင်ပြည်နယ်၊ စစ်တွေမြို့၏ ခရီးသွားလုပ်ငန်းဆောင်ရွက်မှုများ — ၁၆
- ရှမ်းပြည်နယ် အင်းလေးဒေသတွင် ရေပေါ်သင်္ကြန်ကျင်းပ — ၁၆-၁၇
- တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ကမ်းရိုးတန်း သယံဇာတများ ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲအခမ်းအနား ကျင်းပပြုလုပ် — ၁၇
- ပဲခူးတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်း ဆောင်ရွက်နေမှုများ — ၁၇-၁၈
- မကွေးတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းဆောင်ရွက်နေမှုများ — ၁၈
- မန္တလေးတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းဆောင်ရွက်နေမှုများ — ၁၈-၁၉
- ရန်ကုန်တိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းဆောင်ရွက်နေမှုများ — ၁၉-၂၀
- ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်နှင့်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက် — ၂၀


**********

## နယ်စပ်ဂိတ်များမှ တစ်ဆင့် ခရီးသွားများ ဝင်ရောက်၊ ထွက်ခွာနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ မြန်မာ- လာအို နယ်စပ်ဂိတ်များမှတစ်ဆင့် ပြည်ပခရီးသွားဧည့်သည်များ လည်ပတ်နိုင်ရေး ဝိုင်းဝန်းကူညီ




နယ်စပ်ဂိတ်များမှတစ်ဆင့် ခရီးသွားဧည့်သည်များ ဝင်ရောက်၊ ထွက်ခွာလည်ပတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၂၇ ရက်နေ့ နံနက်ပိုင်းက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်တာဝန်ခံများ တက်ရောက်ကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က Video Conferencing ဖြင့် တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက (၁၄) ကြိမ်မြောက် မြန်မာ-လာအို ဗဟိုအဆင့် နယ်စပ်ဒေသအာဏာပိုင်များ အစည်းအဝေး၌ မြန်မာ-လာအို နယ်စပ်ဂိတ်များမှတစ်ဆင့် လာအိုနိုင်ငံသားများသာမက လာအိုနိုင်ငံသို့ လာရောက်လည်ပတ်သော တတိယနိုင်ငံသားများပါ ဝင်၊ ထွက်နိုင်ရေး အဆိုပြုလာသောကိစ္စကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို အလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာန အနေဖြင့် နယ်စပ်ဖြတ်ကျော်ခရီးသွားလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအဆိုပြုချက်သည် နယ်စပ်ဒေသခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်သည့်အတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရ အနေဖြင့် ဝင်ရောက်လာမည့် ခရီးသွားများလည်ပတ်သွားလာနိုင်သော နေရာများကို ရွေးချယ်အဆိုပြုပေးစေလိုကြောင်း။

ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့် သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများအတွင်း ဖြစ်နိုင်ချေရှိသော လုပ်ထုံးလုပ်နည်းများကို အကြံပြုဆွေးနွေးပေးစေလိုကြောင်း၊ ခွင့်ပြုချက်ရရှိပါက ဝန်ကြီးဌာနက Package Tour များ စီစဉ်ဆောင်ရွက်နိုင်ရေး ခရီးသွားအသင်းအဖွဲ့များနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုအဆိုပြုချက်ကို အမြန်ဆုံး အကောင်အထည်ဖော်လိုကြောင်း၊ မြန်မာ-လာအို နယ်စပ်ဂိတ်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်နိုင်ရေးအတွက် အဆင်သင့်ဖြစ်နေစေရန် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့နှင့် ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့် ဝိုင်းဝန်းကူညီပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က နှစ်နိုင်ငံနယ်စပ်ဂိတ်များ ဖွင့်လှစ်ထားရှိမှုအခြေအနေ၊ နယ်စပ်ဂိတ်များမှ ခရီးသွားများ ဝင်၊ ထွက်သွားလာနေမှုအခြေအနေနှင့် ခရီးစဉ်များ တိုးချဲ့ခွင့်ပြုပေးထားမှုအခြေအနေများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပါသည်။

(သတင်းစဉ်) Source From: Myanmar Alin

## ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာဆိုင်ရာ ကွန်ဖရင့်နှင့် မြန်မာ-စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်းဖိုရမ်သို့ အွန်လိုင်းမှ တက်ရောက်အမှာစကားပြောကြား




မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် (၇၅) နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်နှင့်တိုက်ဆိုင်၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာအစီအစဉ်များအနက်တစ်ခုဖြစ်သော ရုရှား -မြန်မာ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာဆိုင်ရာ ကွန်ဖရင့်ကို မေ ၂၄ ရက်နေ့ မွန်းလွဲပိုင်းတွင် Moscow State Institute of International Relations (University) of the Ministry of Foreign Affairs of the Russian Federation (MGIMO) ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်က အွန်လိုင်းမှ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးမှာ ခိုင်မာပြီး တူညီသောအကျိုးစီးပွား၊ တန်ဖိုးထားမှုများနှင့် အပြန်အလှန် နားလည်သော ချစ်ကြည်ရင်းနှီးမှုများရှိပါကြောင်း၊ ပထဝီဝင်အနေအထားရ ခြားနားနေသော်လည်း ပြည်သူအချင်းချင်း အပြန်အလှန်ကူးလူးဆက်သွယ်မှု တို့မှတစ်ဆင့် အဆိုပါစိန်ခေါ်မှုကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထိုမှတစ်ဆင့် နှစ်နိုင်ငံ ကုန်သွယ်ရေး၊ စီးပွားရေး၊ ခရီးသွားလုပ်ငန်း၊ စက်မှုလုပ်ငန်းစသော အလားအလာရှိသည့် ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံ၍ ပူးပေါင်း ဆောင်ရွက်နိုင်ပါကြောင်း၊ ယခုကွန်ဖရင့်မှတစ်ဆင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအတွက် အကောင်အထည်ဖော်နိုင်ရန် ထိရောက်သော မဟာဗျူဟာများ ဆွေးနွေးဖော်ထုတ်ရန် အရေးကြီးပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး၊ MGIMO တက္ကသိုလ်မှ နိုင်ငံတကာရေးရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာ စတနီစလပ်ဆူရိုဆပ်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။ ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားကိုယ်စားလှယ်အဖွဲ့များက နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ သံတမန်ရေးရာကိစ္စရပ်များ၊ ပညာရေးနှင့်နည်းပညာ၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ကွန်ဖရင့်သို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) စစ်သံမှူးနှင့် စစ်သံရုံး ဝန်ထမ်းများ၊ မြန်မာ -ရုရှား

ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရုရှားနိုင်ငံ MGIMO တက္ကသိုလ်၊ နိုင်ငံတကာရေးရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာ စတာနီစလပ်ဆူရီဆပ်နှင့် တက္ကသိုလ်မှ တာဝန်ရှိသူများ၊ ASEAN Centre၊ Peoples' Friendship တက္ကသိုလ်၊ ရုရှား–မြန်မာ ချစ်ကြည်ရေးအသင်း၊ Escape Tech LLC ၊ Rosatom Technical Academy၊ ရုရှား–အာဆီယံစီးပွားရေးကောင်စီနှင့် ရုရှားဖက်ဒရယ် သုတေသနဌာနမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။ အဆိုပါ ကွန်ဖရင့်ကို ဧပြီ ၂၂ ရက် မှ ၂၉ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့နှင့် စိန့်ပီတာ စဘတ်မြို့တို့တွင် ကျင်းပပြုလုပ်လျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးသည် ဧပြီ ၂၅ ရက် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်သည့် မြန်မာ– စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်းဖိုရမ်သို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါဖိုရမ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦး က နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ဖိုရမ်က နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ အတွေးအမြင်များနှင့် အကြံဉာဏ်ကောင်းများကို ဖလှယ်နိုင်မည့် စကြိုတစ်ခု ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်း လိုင်းပြေးဆွဲရေးနှင့် ငွေကြေးသုံးစွဲမှု စနစ်ကိစ္စရပ် (၂) ခုသည် အရေးပါသော ကိစ္စရပ်များ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသို့ ရုရှားနိုင်ငံမှ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကပါဝင်သောဦးဆောင်ကော်မတီနှင့်လုပ်ငန်းအဖွဲ့အား ဖွဲ့စည်း၍ "Welcome Russia" အစီအစဉ်ကို အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ ကနဦးအစီအစဉ်အဖြစ် ဝန်ကြီးဌာနနှင့် ရုရှား–မြန်မာ ချစ်ကြည်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဧပြီ ၁၁ ရက်နေ့မှ ၁၉ ရက်အထိ ရုရှားနိုင်ငံမှ တေးသံရှင်များ၊ ဗီဒီယိုရိုက်ကူး ထုတ်လုပ်သူများ၊ ဘလော့ဂါများ ပါဝင်သောအဖွဲ့၏ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်နိုင်ရေး စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ကိုဗစ်–၁၉ မတိုင်မီ ၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည် ၄ ဒသမ ၃၆ သန်း ဝင်ရောက်ခဲ့ရာတွင် ရုရှားခရီးသွားဧည့်သည်အများအပြား လာရောက်လည်ပတ်ခဲ့သည့် သာဓကများရှိခဲ့ပါကြောင်း၊ ရုရှားခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ နှစ်နိုင်ငံသံရုံးများ၊ ပုဂ္ဂလိကကဏ္ဍအသင်းအဖွဲ့များ၏ အားပေးကူညီမှုများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား ခရီးသွားဧည့်သည်များလွယ်ကူအဆင်ပြေစွာ အပြန်အလှန်သွားလာလည်ပတ်နိုင်ရေး၊ စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိလာရေးနှင့် နှစ်နိုင်ငံပြည်သူများအချင်းချင်းကူးလူးယှက်နွယ်မှု တိုးမြှင့်ရေး ပိုမိုပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်လျက်ရှိရာရုရှားနိုင်ငံမှ ခရီးသွားလုပ်ငန်းဆောင်ရွက်သူများ၊ မီဒီယာများနှင့် ကျော်ကြားသူများအား ချစ်ကြည်ရေး အလည်အပတ်ခရီးစဉ်များ ဖိတ်ခေါ်ဆောင်ရွက်လိုပါကြောင်း၊ ယနေ့ကျင်းပသည့် ခရီးသွားလုပ်ငန်းဖိုရမ်မှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အစိုးရနှင့် ပုဂ္ဂလိကများအကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ရုရှားခရီးသွားဧည့်သည်များအား မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရေးအတွက် ဖိတ်ခေါ်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဒုတိယအကြီးအကဲမစ္စနာနာအမ်ဂါဗီချီရာက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဗီဒီယိုအားပြသ၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာမျိုးအောင်က မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာအခွင့်အလမ်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းမှ စီးပွားရေးဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာတန်နက်စ်ကူမာ(အန်)မာနီယန် က MAI မှ ပြေးဆွဲနေသောလေကြောင်းလိုင်းများနှင့် လေကြောင်းခရီးစဉ်အတွင်းလိုက်နာရမည့်စည်းမျဉ်းများကို ရှင်းလင်းတင်ပြပြီး နှစ်နိုင်ငံခရီးသွားလုပ်ငန်းရှင်များက ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန်အမြင်ချင်းဖလှယ်၍ ဆွေးနွေးကြသည်။ ဆက်လက်၍ စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာဗီချယ်စလာ့ကဘ်ဂါနိုဗ့်က ဖိုရမ်ကျင်းပပြုလုပ်ခြင်းကြောင့် ရရှိသည့် အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားသည်။

အဆိုပါဖိုရမ်သို့ စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဒုတိယ အကြီးအကဲ မစ္စနာနာအမ်ဂါဗီချီရာ၊ စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာဗီချယ်စလာ့ကဘ်ဂါနိုဗ့်နှင့် ရုရှားခရီးသွားကုမ္ပဏီများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ၊ အထွေထွေအတွင်းရေးမှူးများ၊ Myanmar Airways International (MAI) မှ စီးပွားရေးဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာတန်နက်စ်ကူမာ(အန်)မာနီယန် တို့က အွန်လိုင်းမှ ပါဝင်တက်ရောက်ခဲ့ပါသည်။

(သတင်းစဉ်) Source From: Myanmar Alin

## ပြည်တွင်းရှိ ခရီးစဉ်ဒေသများသို့ ပြည်တွင်း ပြည်ပ ခရီးသွား ဝင်ရောက်မှုတိုးတက်ရေး ကြိုးစားဆောင်ရွက်လျက်ရှိ




ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သော မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း အလျင်အမြန်ပြန်လည်တိုးတက်လာစေရေး မဟာဗျူဟာလုပ်ငန်းစီမံချက် ရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၅ ရက်နေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်၊ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်တာဝန်ခံများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းလုပ်ဆောင်လည်ပတ်ရေးကို ပုဂ္ဂလိကကဏ္ဍမှ အဓိကဆောင်ရွက်သော်လည်း ဝန်ကြီးဌာနများက ထိန်းကျောင်းပေးရသည့်အတွက် လုပ်ငန်းဆောင်တာများ မြန်ဆန်လွယ်ကူစေရန် လိုအပ်သည်များပံ့ပိုးပေးရန်လိုအပ်ပါကြောင်း၊ ပံ့ပိုးပေးရာတွင် လည်းရှိနှင့်ပြီးသော ဥပဒေများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊

ခရီးသွားဧည့်သည်များ ဝင်ရောက်လာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဆက်စပ်သော လုပ်ငန်းများအနေဖြင့် ဝင်ငွေရရှိကြသည့်အတွက် ပိုမိုဝင်ရောက်လာရေး ဆွဲဆောင်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ခရီးသွားဧည့်သည်များ လွယ်ကူချောမွေ့စွာဝင်ရောက်နိုင်ရေးအတွက် ကျန်းမာရေးကိစ္စ၊ ဗီဇာကိစ္စ၊ အာမခံဝယ်ယူရေးကိစ္စ၊ ငွေကြေးသုံးစွဲမှုကိစ္စနှင့် ဆက်စပ်လုပ်ငန်းစဉ်များ၌ အဆင်ပြေစေရန် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းရှိ ခရီးစဉ်ဒေသများသို့ ပြည်တွင်းခရီးသွားများ များများလည်ပတ်ကြရေး၊ ပြည်ပခရီးသွား ဝင်ရောက်မှုတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးတို့အတွက် ကြိုးစားဆောင်ရွက်လျက်ရှိသဖြင့် အားလုံးဝိုင်းဝန်းကူညီပေးကြစေလိုပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် အခြားကဏ္ဍများနှင့် ဆက်စပ်နေသည့်အတွက် ယနေ့တက်ရောက်လာသော ဝန်ကြီးဌာနများက မြန်မာ့ခရီးသွားလုပ်ငန်း အလျင်အမြန်ပြန်လည်တိုးတက်လာစေရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုပါကြောင်းပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာမျိုးအောင်က မဟာဗျူဟာလုပ်ငန်း စီမံချက် (မူကြမ်း) ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက ခရီးသွားသတင်းအချက်အလက်များ မြှင့်တင် ကြော်ငြာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ သယ်ယူပို့ဆောင်ရေး၊ ပြည်ဝင်ခွင့်ဗီဇာများ ခွင့်ပြုပေးနေမှု၊ SME လုပ်ငန်းများအတွက် ချေးငွေထုတ်ချေးပေးနေမှု၊ ကုန်စည်ပြပွဲများ ကျင်းပပေးနေမှု၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးတက်လာရေးအတွက် ဖြေလျှော့ပေးနေမှု၊ ငွေကြေးသုံးစွဲမှု၊ ဘာသာစကားသင်တန်းများ သင်ကြားပို့ချပေးနေမှုစသည့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပါသည်။

(သတင်းစဉ်) Source From: Myanmar Alin

## ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၃) အစည်းအဝေးကျင်းပ




ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို မတ်လ ၃၀ ရက်နေ့နံနက်ပိုင်းက ဝန်ကြီးဌာန၊ နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန နီလာခန်းမ၌ ဗွီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်က မြန်မာနိုင်ငံ၏ ပြည်တွင်း/ပြည်ပ ခရီးသွားလုပ်ငန်းများကို ကမ္ဘာ့နိုင်ငံနည်းတူ အစိုးရ-ပုဂ္ဂလိက-ပြည်သူ စုပေါင်းအားဖြင့် ပြန်လည်စတင်နိုင်ခဲ့ပါကြောင်း၊ ခရီးသွားလုပ်ငန်း ပြန်လည်စတင်ရေးအတွက် အာဆီယံနှင့်မဟာမဲခေါင်ဒေသခွဲနိုင်ငံများ အပါအဝင် နိုင်ငံတကာခရီးသွားအသိုက်အဝန်းအထိ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် နိုင်ငံတကာ ခရီးသွားပြပွဲများသို့ ပါဝင်တက်ရောက်ခြင်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ဝင်ခရီးသွားလုပ်ငန်းများအတွက် အိမ်နီးချင်းနိုင်ငံများမှ ခရီးသွားဧည့်သည်များကို ဦးစားပေးဈေးကွက်များအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ အလားအလာကောင်းများရှိသည့် ရုရှားခရီးသွားဈေးကွက်ကို မြှင့်တင်ရန် “Welcome Russia” Program in Myanmar အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရီးသွားဧည့်သည်များ ဝင်ရောက်မှုအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ၇၈ % တိုးတက်လာပြီး ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအထိ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၅၄% တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ ပြည်တွင်း/ ပြည်ပ ခရီးသွားဧည့်သည်များ အဆင်ပြေလွယ်ကူစွာဝင်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဖြေလျှော့ပေးနိုင်သည်များကို ဖြေလျှော့ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတကာသို့ အသိပေးကြော်ငြာထားချက်များနှင့် မြေပြင် အကောင်အထည်ဖော်မှုများ ကိုက်ညီနေရန် လိုအပ်ပါကြောင်း၊ ပြည်တွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်း၍ အထူးဈေးနှုန်းများဖြင့် “ပြည်တွင်းခရီးသွား ကမ်ပိန်း” ပုံစံမျိုးများကို အကောင်အထည်ဖော်ကြစေလိုပါကြောင်း၊ ထိုသို့ဖော်ဆောင်ရာတွင် One Village One Product အစီအစဉ်နှင့် ခရီးသွားကဏ္ဍကို ချိတ်ဆက်ဖော်ဆောင်နိုင်ရေး ကြိုးစားကြစေလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းတစ်ခုလုံး အရည်အသွေးပြည့်ဝလာရေးအတွက် အာဆီယံနှင့်နိုင်ငံတကာ အဖွဲ့အစည်းများ၏ စံနှုန်းများဖြင့် အကောင်အထည်ဖော်လျက်ရှိရာတွင် အားလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ပေးကြစေလိုပါကြောင်း ပြောကြားပါသည်။

ထို့နောက် ခရီးသွားလုပ်ငန်းကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၂) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ကော်မတီသို့ တင်ပြ၍ မှတ်တမ်းတင် အတည်ပြုပြီးဆောင်ရွက်ဆဲ အခြေအနေများ၊ ဧည့်သည်စာရင်းစီမံခန့်ခွဲမှုစနစ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စစ်တမ်းများ ဆောင်ရွက်နေမှုတို့ကို တင်ပြသည်။

ယင်းနောက် ခရီးသွားလုပ်ငန်းကော်မတီဝင်များ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၂) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း အလျင်အမြန်ပြန်လည်တိုးတက်လာစေရေး မဟာဗျူဟာအား ရှင်းလင်းပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၊ ဟိုတယ်များမှ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနကျောက်စိမ်းခန်းမ၌ တွေ့ဆုံပြီး နေပြည်တော်ကို သွားလာလည်ပတ်စရာကောင်းသော ခရီးစဉ်ဒေသတစ်ခုဖြစ်စေရန် အစီအမံများ ရေးဆွဲအကောင်အထည်ဖော်ရေး၊ ဟိုတယ်လုပ်ငန်းများ ဆောင်ရွက်ရာ၌ ကုန်ကျစရိတ်နှင့် ထိုက်တန်သော ဝန်ဆောင်မှုပေးရေး၊ တည်းခိုနေထိုင်သော ဧည့်သည်များ စိတ်ချမ်းမြေ့အောင် ဆောင်ရွက်ပြီး လည်ပတ်စရာများ ချိတ်ဆက်စီစဉ်ဆောင်ရွက်ပေးရေး၊ ပြည်တွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအပြင် ပြည်ပခရီးသွားပိုမိုဝင်ရောက်လာရေးအတွက် ဝိုင်းဝန်းမြှင့်တင်ကြော်ငြာ၍ ကြိုးစားကြရေး၊ နိုင်ငံတော်နှင့် လူထုအကျိုး စီးပွားကို မျှတအောင် ဆောင်ရွက်ကြရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးစားကြရေးနှင့် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် အပိုင်းများကို ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

(သတင်းစဉ်) Source From: Kyemon

## မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းအင်း အချက်အလက်များ (၂၀၂၂)၊ ပြည်တွင်းနှင့် ပြည်ဝင်ခရီးသွားစစ်တမ်း (၂၀၂၂) တွေ့ရှိချက်များ ရှင်းလင်းတင်ပြခြင်းနှင့် ခရီးသွားလုပ်ငန်းသုတေသန စကားဝိုင်းဆွေးနွေးပွဲကျင်းပ




မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းအင်းအချက်အလက်များ (၂၀၂၂)၊ ပြည်တွင်းနှင့်ပြည်ဝင်ခရီးသွားစစ်တမ်း (၂၀၂၂) တွေ့ရှိချက်များ ရှင်းလင်းတင်ပြခြင်းနှင့် ခရီးသွားလုပ်ငန်းသုတေသနစကားဝိုင်းဆွေးနွေးပွဲ အခမ်းအနားကို မတ် ၁၅ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်က ခရီးသွားလုပ်ငန်းဆိုင်ရာသုတေသန စီမံကိန်းမှ တစ်ဆင့် ခရီးသွားစာရင်းအင်းအချက်အလက်များကို ဖော်ထုတ်ရရှိခဲ့ပြီးဖြစ်သည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းအင်းအချက်အလက်များ၊ ပြည်တွင်းနှင့် ပြည်ဝင်ခရီးသွားစစ်တမ်း-၂၀၂၂ ကောက်ယူတွေ့ရှိချက်များကို မိတ်ဆက်ခြင်းဖြစ်ပါကြောင်းပြောကြားသည်။

ယခုစီမံကိန်းကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၀)အထောက်အပံ့ဖြင့် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း၊ စီမံကိန်းသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း၏ စာရင်းအင်းအချက်အလက်များ ပိုမိုတိကျ အားကောင်းခိုင်မာလာစေရန် အထောက်အပံ့ဖြစ်စေကြောင်း၊ စီမံကိန်းကို မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအတွက် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပြီး ခရီးသွားလုပ်ငန်းဈေးကွက်၏ ဝယ်လိုအားနှင့် ရောင်းလိုအားကို အချက်အလက်များ၊ ကိန်းဂဏန်းများဖြင့် ဖော်ထုတ်နိုင်ရန်နှင့် ခရီးသွားလုပ်ငန်းထုတ်ကုန်အသစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အစီအစဉ်များနှင့် မဟာဗျူဟာများချမှတ်နိုင်ရန်၊ သတ်မှတ်ဈေးကွက်ရှာဖွေနိုင်ရန် စဉ်ဆက်မပြတ်သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များနှင့်နှစ်အလိုက်စီမံချက်များကို ပံ့ပိုးကူညီရန်ရည်ရွယ်ဖော်ဆောင်ခြင်းဖြစ်ပါသည်။

နိုင်ငံတကာအဖွဲ့အစည်းများနှင့် အမျိုးသားအဆင့် စီမံကိန်းများပါ ပန်းတိုင်များနှင့် ဦးတည်ချက်များကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနနှင့် သက်ဆိုင်သော ညွှန်းကိန်းများ ဖော်ဆောင်နိုင်ရေးအတွက် ယခုစီမံကိန်းမှ ရရှိသော စာရင်းအင်းအချက်အလက်များသည် အထောက်အပံ့ ဖြစ်စေနိုင်ကြောင်း၊ ထို့ပြင် ခရီးသွားလုပ်ငန်း၏ အကျိုးကျေးဇူး၊ နိုင်ငံတော်၏ စီးပွားရေးအပေါ် အထောက်အကူပေးနိုင်မှု၊ အလုပ်အကိုင်ဖန်တီးပေးနိုင်မှု၊ ဆင့်ပွားအကျိုးသက်ရောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလာမည်ဖြစ်ကြောင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်ရန် မှန်ကန်တိကျသော မူဝါဒများ၊ ပန်းတိုင်များ ချမှတ်အကောင်အထည်ဖော်နိုင်စေရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနကဏ္ဍ၊ စာရင်းအင်းကဏ္ဍဖွံ့ဖြိုး တိုးတက်လာစေရန် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ခရီးသွားလုပ်ငန်းသုတေသနဌာနမှ သုတေသနပညာရှင်အဖွဲ့ ခေါင်းဆောင် ဦးအောင်မင်းက မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အချက်အလက်များနှင့် စစ်တမ်းကောက်ယူတွေ့ရှိချက်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ခရီးသွားလုပ်ငန်းသုတေသနလုပ်ငန်း စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များ၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ) အတွင်းရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ နေပြည်တော်ဆက်ဆံရေးရုံးမှ ညွှန်ကြားရေးမှူး Mr. Bai Yunfeng ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဗဟိုစာရင်းအင်းအဖွဲ့၊ စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ရေးလုပ်ငန်းအဖွဲ့ဝင်များ၊ စီမံကိန်းမှ မြန်မာနိုင်ငံသား ကျွမ်းကျင်ပညာရှင်များ၊ နေပြည်တော် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်း၊ ဧည့်ဝန်ဆောင်မှုနှင့် ခရီးသွားလုပ်ငန်းပညာသင်ကြားနေသော တက္ကသိုလ်/ကောလိပ်များမှ ဆရာ ဆရာမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများနှင့် ဟိုတယ်များမှ တာဝန်ရှိသူများက Hybrid စနစ်ဖြင့် ပါဝင်တက်ရောက်ကြပါသည်။

(သတင်းစဉ်) Source From: Myanmar Alin

## ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး Mr. Alexander Sergeevich Shatirov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို မတ် ၁၃ ရက်နေ့ နံနက်ပိုင်းတွင် ဝန်ကြီးဌာန နီလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ရုရှားခရီးသွားများလာရောက် လည်ပတ်နိုင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ရုရှားခရီးသွားများအတွက် တည်းခိုသွားလာလည်ပတ်မှု၊ စားသောက်မှုများ အပါအဝင်ပြီးပြည့်စုံသော Package Tour အစီအစဉ်များအား ရေးဆွဲပံ့ပိုးပေးစေလိုပါကြောင်း၊ ရော့စ်ကွန်ဂရက်အဖွဲ့အနေဖြင့် နှစ်နိုင်ငံခရီးသွားကဏ္ဍတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီးမြန်မာနိုင်ငံအကြောင်း မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက်ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက “Welcome Russia” Program in Myanmar အစီအစဉ်အား ရေးဆွဲလျက်ရှိပြီး ပြီးပြည့်စုံသော Package Tour ရေးဆွဲပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာနသို့ ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ လေကြောင်းလိုင်း တိုက်ရိုက်ပျံသန်းပြေးဆွဲနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာနက လိုအပ်သည်များပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရုရှားခရီးသွားများ မြန်မာနိုင်ငံသို့ ဝင်ရောက်ရာတွင် ကျန်းမာရေးအာမခံဝယ်ယူရေး အဆင်ပြေလွယ်ကူမှုရှိစေရန် ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၏ ဆွေးနွေး အကြံပြုချက်များကို ရုရှားခရီးသွားများအား ကြိုဆိုမည့်အစီအစဉ်တွင်လည်း ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဆက်လက်၍လည်း နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားခဲ့ပါသည်။

(သတင်းစဉ်) Source From: Myanmar Alin

## ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ပုဂံဒေသ ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် မတ် ၁၀ ရက်နေ့ နံနက်ပိုင်းတွင်ပုဂံမြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များကို Aureum Palace Hotel and Resort ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပုဂံဒေသသို့ ပြည်တွင်းခရီးသည် ဝင်ရောက်မှုသည် ယခင်အများဆုံးဝင်ရောက်ခဲ့သည့် ကာလများထက် ကျော်လွန်သွားပြီဖြစ်သော်လည်း ပြည်ပခရီးသည်ဝင်ရောက်မှုမှာ နည်းပါးလျက်ရှိသဖြင့် ပိုမိုတိုးတက်ဝင်ရောက်လာအောင် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ခရီးသည်ဝင်ရောက်မှု တိုးတက်လာသည်နှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသာမက အခြားဆက်စပ်လုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် စည်းမျဉ်းစည်းကမ်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်၏အကျိုး၊ ပြည်သူလူထု၏အကျိုး၊ လုပ်ငန်းရှင်များ၏ အကျိုးကို ထိခိုက်နစ်နာမှုမရှိအောင် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များနှင့် ဒေသခံများ အားလုံးပူးပေါင်းဆောင်ရွက်မှသာ ပိုမိုတိုးတက်အောင်မြင်သော ခရီးသွားလုပ်ငန်းဖြစ်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများကတွေ့ကြုံရသည့် အခက်အခဲများနှင့်လုပ်ငန်း ဆောင်ရွက်မှုကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားကဏ္ဍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ Heritage Bagan Hotel ၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ထိုင်းဘာသာ စကားပြောသင်တန်း သင်ကြားပို့ချနေမှုကို သွားရောက်ကြည့်ရှုခဲ့ပြီး ပုဂံလေဆိပ်သို့ သွားရောက်ကာ လေဆိပ်အတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအား ခရီးစဉ်ဒေသဆိုင်ရာအချက်အလက်များကို အဆင်ပြေလွယ်ကူချောမွေ့စွာသိရှိနိုင်ရန် ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားသည့် သတင်းပြန်ကြားရေးကောင်တာသို့ သွားရောက်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Bagan Information and Training Center (BITC)သို့ သွားရောက်ကာ သတင်းပြန်ကြားရေးကောင်တာ ဖွင့်လှစ်ထားရှိမှုကိုကြည့်ရှုပြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲမှ ဝန်ထမ်းများကိုတွေ့ဆုံပြီး လိုအပ်သည်များ မှာကြားခဲ့ပါသည်။

(သတင်းစဉ်) Source From: Kyemon

## ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ရှမ်းပြည်နယ် ညောင်ရွှေမြို့နှင့် ကလောမြို့ရှိ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်းဆောင်ရွက်




ခရီးစဉ်ဒေသအလိုက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် မတ် ၇ ရက်နေ့ မွန်းလွဲပိုင်းက ညောင်ရွှေမြို့ရှိ ဟိုတယ်များမှ ဟိုတယ်လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများအား ရွှေနန်းတော်ဟိုတယ် (အင်းလေး) ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တောင်ကြီးရုံးခွဲမှ ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ညောင်ရွှေမြို့ရှိ ခရီးစဉ်ဒေသများ၏ အခြေအနေ၊ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုအခြေအနေနှင့် အင်းလေးဒေသခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းသည် ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ လက်ရှိတွင် တစ်စထက်တစ်စ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာနေသော်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လျက်ရှိကြောင်း၊ အင်းလေးဒေသသည် သဘာဝအလှများ ဖြစ်ပေါ်နေသည့် အခြေခံအရင်းအမြစ်ကောင်းများရှိသည့် ဒေသဖြစ်သည့်အပြင် ဒေသခံများ၏ လူနေမှုဓလေ့ထုံးတမ်းအစဉ်အလာများသည် ပြည်တွင်း ပြည်ပ ခရီးသွားများကို စိတ်ဝင်စားမှုရှိစေသည့် ဒေသတစ်ခုဖြစ်ပါကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် နိုင်ငံ၏

အကျိုးစီးပွား၊ ဒေသ၏ အကျိုးစီးပွား၊ လုပ်ငန်းရှင်များ၏ အကျိုးစီးပွားနှင့် ပြည်သူလူထု၏ အကျိုးစီးပွားများကို အောင်မြင်ဖြစ်ထွန်းအောင် ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမျိုးသားအဆင့် ကျန်းမာရေး အသိအမှတ်ပြုလက်မှတ်ရရှိသည့် ဟိုတယ်ကိုးလုံးကို အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အင်းလေးကန် သန့်ရှင်းသာယာလှပစေရေးနှင့် ခရီးသွားဧည့်သည်များ စိတ်ချမ်းမြေ့စွာ သွားလာလည်ပတ်နိုင်ရေးတို့အတွက် ဒိုက်၊ ဇေဒါနှင့်အမှိုက်များ ရှင်းလင်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များကို လွယ်ကူစွာသိရှိနိုင်ရန် ရည်ရွယ်၍ ဝန်ကြီးဌာနက ဖွင့်လှစ်ထားသည့် ညောင်ရွှေမြို့ရှိ သတင်းပြန်ကြားရေးကောင်တာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မတ် ၉ ရက်နေ့ နေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့ရှိ ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ဟိုတယ်များမှ တာဝန်ရှိသူများကို Kalaw Heritage Hotel ၌ တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိအခြေအနေတွင် ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာပြီဖြစ်သည့်အတွက် ပြည်ပခရီးသွားဧည့်သည်များပါ ပိုမိုဝင်ရောက်လာစေရန် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကလောဒေသ၏ ကောင်းမွန်သည့် ရာသီဥတုအခြေအနေ၊ သာယာလှပသည့် တောတောင်ရေမြေ သဘာဝပတ်ဝန်းကျင်အလှအပများကြောင့် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ စိတ်ဝင်စားမှုများပြားသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ပါကြောင်း၊ ခရီးသွားဧည့်သည်များကို ပြည့်ဝစွာ ဝန်ဆောင်မှုပေးနိုင်ရေး ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ဒေသ၏ အကျိုးစီးပွား၊ လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများက ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြပြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမျိုးသားအဆင့်ကျန်းမာရေးအသိအမှတ်ပြုလက်မှတ်ရရှိသည့် ကလောမြို့ရှိ ဟိုတယ်သုံးလုံးကို အသိအမှတ်ပြုလက်မှတ်များပေးအပ်ပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပါသည်။

(သတင်းစဉ်) Source From: Myanmar Alin

## ငပလီကမ်းခြေဒေသခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းပါဝင်ဆောင်ရွက်

ကမ်းခြေဒေသများ သန့်ရှင်းသာယာလှပပြီး ပြည်တွင်း/ ပြည်ပခရီးသွားဧည့်သည်များ ယင်းဒေသများသို့ တိုးတက်ဝင်ရောက်လာရေးနှင့် ကမ်းခြေဒေသခရီးသွားလုပ်ငန်းများ စနစ်တကျရေရှည်ဖွံ့ဖြိုးတိုးတက်နေစေရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနေဖြင့် ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များ၊ လုပ်ငန်းလုပ်ကိုင်သူများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၃ ရက်နေ့က ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် ငပလီကမ်းခြေဒေသ Aureum Palace ဟိုတယ်၌ ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရခိုင်ဇုန်)၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ဦးစွာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန သံတွဲရုံးခွဲတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးက ငပလီကမ်းခြေဒေသရှိ ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ခရီးသွားဆွဲဆောင်ရာနေရာများ ဖော်ထုတ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက ငပလီကမ်းခြေဒေသ ခရီးသွားလုပ်ငန်း စနစ်တကျဖြင့် မြန်မြန်ဆန်ဆန်တိုးတက်လာရေးအတွက် အကောင်အထည်ဖော်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းတိုးတက်လာပါ ကဆက်စပ်လျက်ရှိသည့် လုပ်ငန်းများပါ တိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသသို့ ခရီးသွားများပိုမိုဝင်ရောက်လာခြင်းကြောင့် ဒေသခံတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာပြီး ဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လာရေးအတွက် မူဝါဒပိုင်းဆိုင်ရာနှင့် လုပ်ငန်းပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုကဏ္ဍနှစ်ခုကို ဟန်ချက်ညီစွာ အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်း တိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ပြီး ပြည်ပခရီးသွားပိုမိုဝင်ရောက် လာရန်ဆွဲဆောင်ကြရန် လိုအပ်ကြောင်း၊ အလားတူ ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဝန်ကြီးဌာနက လုပ်ငန်းများ မြန်ဆန်စွာဆောင်ရွက်နိုင်ရေး ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းမှာ လူအချင်းချင်းကူးလူးဆက်ဆံမှုအပေါ် အခြေခံသည့်အတွက် ဧည့်သည်များ၏ စိတ်ကျေနပ်နှစ်သက်မှု ရရှိရေးမှာ အရေးကြီးကြောင်း၊ ရှိနှင့်ပြီးသော ကမ်းခြေဒေသများကို သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ပြီး ဆက်စပ်လည်ပတ်နိုင်သော ခရီးစဉ်ဒေသသစ်များ ဖော်ထုတ်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနက ဆောင်ရွက်နေသော ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိအမှတ်ပြုမှု အစီအစဉ်ကဲ့သို့ အစီအစဉ်များတွင် ပါဝင်ကြစေလိုကြောင်း၊ ပလီကမ်းခြေဒေသ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်း ပါဝင်ဆောင်ရွက်ကြစေလိုကြောင်းနှင့် နိုင်ငံတော်နှင့်ဒေသ၏ အကျိုးစီးပွားကို အထူးဂရုပြုရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ခရီးသွားလုပ်ငန်းဖော်ဆောင်ရာတွင် ကြုံတွေ့နေရသည့်အခြေအနေများ၊ ငပလီကမ်းခြေဒေသခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်နေမှုများ၊ ကမ်းခြေသာယာလှပရေးတို့ကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငပလီကမ်းခြေဒေသရှိ ဟိုတယ်များကို လှည့်လည်ကြည့်ရှုပြီး ဟိုတယ်သို့ လာရောက်တည်းခိုကြသည့် ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုကောင်းများပေးစွမ်းနိုင်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများ၊ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်တည်းခိုရန်မြှင့်တင်ကြော်ငြာရေး၊ ဟိုတယ်ပရဝဏ်နှင့်ပတ်ဝန်းကျင် အမှိုက်သရိုက်များကင်းစင်ပြီး သာယာလှပသောအစိမ်းရောင်ဇုန်များ ဖော်ဆောင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြပါသည်။

(သတင်းစဉ်) Source From: Myanmar Alin

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်များကို ဖေဖော်ဝါရီလ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး၌ တွေ့ဆုံပြီး ဟိုတယ်နှင့်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

တွေ့ဆုံစဉ် ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၏ အဓိကဝင်ပေါက်တစ်ခုဖြစ်သော ရန်ကုန်တိုင်းဒေသကြီးသို့ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လည်ပတ်ရေး၊ ပြည်တွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ စနစ်တကျစီမံဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ညှိနှိုင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ခရီးသွားမြှင့်တင်ရေး လုပ်ငန်းအဖွဲ့များနှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်များနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များမှ တာဝန်ရှိသူများနှင့် အင်းလျားကန်ဟိုတယ်၌တွေ့ဆုံပြီး မိမိတို့ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းတစ်ရပ်အောင်မြင်အောင်ထိန်းကျောင်းတည့်မတ်ပေးခြင်းသာဖြစ်ပြီး ဖြေလျှော့ပေးရန် လိုအပ်သည်များကို ဖြေလျှော့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့တွေ့ဆုံပွဲမှ ရရှိသော အကြံပြုဆွေးနွေးချက်များကို ပြန်လည်သုံးသပ်ကာ အစီအစဉ်များရေးဆွဲ၍ အချိန်တိုတိုဖြင့် ထိရောက်အောင် အသင်းအဖွဲ့များဖြင့်ပူးပေါင်း၍ အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်းပြောကြားသည်။

ပြည်ပခရီးသွားများတိုးတက်ဝင်ရောက်လာရေးအတွက် လုပ်ငန်းပိုင်းဆိုင်ရာနှင့် မူဝါဒပိုင်းဆိုင်ရာများ ဟန်ချက်ညီအောင် ဆောင်ရွက်နိုင်ရန် လိုအပ်သည့်အတွက် အားလုံးဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ပခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်ရေးအတွက်သာမက ပြည်တွင်းခရီးသွားလုပ်ငန်းကိုလည်း တိုးမြှင့်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ မိမိတို့၏ရည်မှန်းဈေးကွက်ကို နားလည်သဘောပေါက်ပြီးပြည်ပရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဖိတ်ခေါ်ရာတွင် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ရရှိအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များ လုပ်ငန်းလည်ပတ်ရာတွင် အဆင်ပြေစေရေးအတွက် လိုအပ်သည်များ ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများက အသင်းလိုက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိသော ကိစ္စရပ်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြပြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များ၊ လုပ်ငန်းလုပ်ကိုင်သူများနှင့်ပူးပေါင်း၍ သာယာလှပသည့် ခရီးသွားဆွဲဆောင်ရာနေရာများ ပေါ်ထွက်လာစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

(သတင်းစဉ်) Source From: Myanmar Alin

## အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းများဆိုင်ရာ အသိပညာဆွေးနွေးပွဲကို တောင်ကြီးမြို့ရှိ တော်ဝင်တောင်ကြီးဟိုတယ်တွင် ကျင်းပပြုလုပ်

အာဆီယံခရီးသွားလုပ်ငန်းမဟာဗျူဟာအစီအစဉ် ၂၀၁၆-၂၀၂၅ အရ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် အဖွဲ့ဝင်နိုင်ငံများနည်းတူ အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးနှင့် အကောင်အထည်ဖော်နိုင်ရေးရည်ရွယ်၍ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်းကဏ္ဍမှ ကိုယ်စားလှယ်များအား ဖိတ်ကြား၍ အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းများ ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ်၊ မတ်လ(၃) ရက်နေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ရှိ တော်ဝင်တောင်ကြီးဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။




ဖွင့်ပွဲအခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦးက Online မှ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ၊

တိုင်းဒေသကြီးနှင့်ပြည်နယ်ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်းများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မန္တလာတက္ကသိုလ် (မန္တလေး)၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (ရန်ကုန်)တို့မှ ဆရာ၊ ဆရာမများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက Online ဖြင့်လည်းကောင်း၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရှမ်းတောင်ဖုန်)မှ ကိုယ်စားလှယ်များ၊ တောင်ကြီးမြို့ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ၊ ခရီးလှည့်လည်ရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသူ စုစုပေါင်း ကိုယ်စားလှယ်(၉၀)ဦးက In Person ဖြင့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။

## (၅၁) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေး၊ မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံး ဘုတ်အဖွဲ့အစည်းအဝေးနှင့် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၃သို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်




(၅၁) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေး၊ မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်း ညှိနှိုင်းရေးရုံးဘုတ်အဖွဲ့ အစည်းအဝေးနှင့် မဲခေါင်ခရီးသွားလုပ်ငန်း ဖိုရမ်- ၂၀၂၃ တို့ကို ဧပြီ ၂၅ ရက်မှ ၂၆ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် ပရီဆီဟာနုပြည်နယ်ရှိ Independence Hotel ၌ လက်ခံကျင်းပရာ မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ခေါင်းဆောင်များ၊ ဒေသတွင်းခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရှင်များ၊ အစိုးရ၊ ပုဂ္ဂလိက ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် ဦးဆောင်သည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဧပြီ ၂၅ ရက်တွင် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေး၊ မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံး ဘုတ်အဖွဲ့အစည်းအဝေးများကို ကျင်းပရာ မြန်မာနိုင်ငံမှ ခရီးသွားလုပ်ငန်းတိုးတက်မှု အခြေအနေများကို ဆွေးနွေးတင်ပြပြီး မဲခေါင်ခရီးသွားလုပ်ငန်းဆိုင်ရာ ဝက်ဘ်ဆိုက်ပြန်လည်ထူထောင်ထားရှိမှု၊ လူမှုကွန်ရက်များမှတစ်ဆင့် ဒေသတွင်းခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးမှ ဆောင်ရွက်နေမှုအခြေအနေ၊ မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံး တည်ထောင်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးရေးနှင့် မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးကို တရားဝင်ရပ်တည်မှုအဆင့်အတန်းရရှိရေးအတွက် အဖွဲ့ဝင်နိုင်ငံများမှ ပူးပေါင်းဆောင်ရွက်သွားရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏သဘောထားအမြင်များကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

ဧပြီ ၂၆ ရက်တွင် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ် – ၂၀၂၃ ကို "Rethinking for Resilience and Digitalization" ခေါင်းစဉ်ဖြင့် ဆက်လက်ကျင်းပရာ နိုင်ငံတကာနှင့် မဲခေါင်ဒေသတွင်းခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရှင်များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်စီးပွားရေးလုပ်ငန်းရှင်များမှ မဲခေါင်ဒေသအတွင်း ခရီးသွားလုပ်ငန်းများ ခိုင်မာအားကောင်းရေးနှင့် ခရီးသွားလုပ်ငန်းတွင် ကဏ္ဍစုံပူးပေါင်းပါဝင်မှုမြှင့်တင်ရေး၊ အဖွဲ့ဝင်နိုင်ငံအလိုက် အစားအစာအရင်းအမြစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ခရီးသွားဧည့်သည်များ၏ ကြိုက်နှစ်သက်မှုများကို အခြေခံ၍ အဖွဲ့ဝင်နိုင်ငံများ၏ ဒေသတွင်းရိုးရာ အစားအသောက်များကို သန့်ရှင်းသပ်ရပ်စွာဖြင့် ဖန်တီးမြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ခရီးစဉ်ဒေသများကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပိုမိုအဆင့်မြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်းတွင် အမျိုးသမီးများ၏ ပါဝင်မှု အခန်းကဏ္ဍတိုးမြှင့်ရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို စနစ်တကျ လေ့ကျင့်မွေးထုတ်ရေးအတွက် မဲခေါင်ခရီးသွားလုပ်ငန်း အာဏာပိုင်များ ပြန်လည်လေ့လာသုံးသပ်ရန် လိုအပ်ချက်များနှင့် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

မဲခေါင် ခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၃ နှင့်ဆက်စပ်၍ ဒေသတွင်းခရီးသွားလုပ်ငန်းဆွဲဆောင်မှုများနှင့် ဆက်စပ်ဝန်ဆောင်မှု လုပ်ငန်းများကို ခင်းကျင်းပြသသည့် အစီအစဉ်တွင် မြန်မာနိုင်ငံမှ ပြခန်းနှစ်ခု ပါဝင်ပြသ၍ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ၊ ရိုးရာယဉ်ကျေးမှုများနှင့် အစားအသောက်များကို ခင်းကျင်းပြသပြီး အဆိုပါဖိုရမ်နှင့် ခရီးသွားပြပွဲသို့ နိုင်ငံပေါင်း ၁၉ နိုင်ငံမှ ခရီးသွားလုပ်ငန်းဆိုင်ရာ အစိုးရနှင့်ပုဂ္ဂလိကကိုယ်စားလှယ် ၂၅၀ခန့် တက်ရောက်ကြသည်။

မြန်မာနိုင်ငံအနေဖြင့် (၅၂) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းညှိနှိုင်းရေး ရုံးဘုတ်အဖွဲ့ အစည်းအဝေးတို့ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားရန်ရှိပါသည်။

(သတင်းစဉ်) Source From: Myanmar Alin

## လုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာများဖွင့်လှစ်ထားမှု၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမှု၊ ပြည်ပဧည့်သည်လာရောက်မှုနှင့် ဧည့်စာရင်းစီမံခန့်ခွဲမှုစနစ်အသုံးပြုမှု အခြေအနေများ

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍစနစ်တကျဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီနှင့် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီတို့၏ လမ်းညွှန်မှု၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများ၏ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ကိုဗစ်-၁၉ ရောဂါကြောင့်ရပ်နားခဲ့ရသည့် ခရီးသွားလုပ်ငန်းများ အမြန်ဆုံးစတင်နိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ညီနောင်အသင်းများနှင့်ညှိနှိုင်း၍ အစဉ်တစိုက်နည်းလမ်းရှာကြံပေးဆောင်ရွက်ခဲ့ပါသည်။ မြန်မာပြည်အနှံ့ရှိ ခရီးစဉ်ဒေသအသီးသီးသို့ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်၊ သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းခရီးသွားများ သွားလာလည်ပတ်လျက်ရှိနေပြီ ဖြစ်သည့်အပြင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု၊ ပြန့်ပွားမှုကို ထိန်းချုပ်လာနိုင်ပြီး ရောဂါဖြစ်ပွားမှု ၂ ရာခိုင်နှုန်းအောက် လျော့နည်းလာသည့်အချိန် ၁၇-၄-၂၀၂၂ ရက်နေ့တွင် နိုင်ငံတကာလေကြောင်းလိုင်းများ ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ

လေဆိပ်များသို့ ဆင်းသက်ခွင့်ပြုခဲ့ပြီး Commercial Flight များလည်း နေ့စဉ် ဆင်းသက်နေပြီဖြစ်ပါသည်။

အလားတူ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးလွှမ်းခြုံမှု ပိုမိုတိုးတက်ကောင်းမွန်လာပြီး ရောဂါဖြစ်ပွားမှုနှုန်းများ လျော့နည်းကျဆင်းလာသည့်အတွက် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်ခရီးသွားလုပ်ငန်းကဏ္ဍအား အထောက်အကူပြုနိုင်ရန် ရည်ရွယ်ချက်ဖြင့် Online e-Visa တွင် ပါဝင်သော visa အမျိုးအစားတစ်မျိုးဖြစ်သည့် e-Visa(Tourist) ထပ်မံတိုးမြှင့် ဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ နိုင်ငံခြားသားခရီးသွားများအား Online e -Visa (Tourist) လျှောက်ထားရယူလာရောက်နိုင်ရန်အတွက် ၂၀-၅-၂၀၂၂ ရက်နေ့မှစ၍ စတင်ခွင့်ပြုဆောင်ရွက်လျက်ရှိခဲ့ရာ ၂၄-၅-၂၀၂၂ ရက်နေ့မှစ၍ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်လျက်ရှိပါသည်။ ထို့အပြင် ဝန်ကြီးဌာနအနေဖြင့် လိုင်စင်ရခရီးသွားကုမ္ပဏီများ၏ စီစဉ်မှုဖြင့် လာရောက်သော ကမ္ဘာလှည့်ခရီးသည်များအား ခရီးစဉ်အဆင်ပြေချောမွေ့စေရေးအတွက် ဆက်စပ်ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ၃၁-၃-၂၀၂၃ ရက်နေ့အထိ ကမ္ဘာလှည့်ခရီးသည်ပေါင်း (၃၈၆၃) ဦး၏ ခရီးစဉ်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှုစာရင်း (၂၈-၂-၂၀၂၃)အထိ**

| စဉ် | လိုင်စင်အမျိုးအစား | (၂၈-၂-၂၀၂၃) ထိ အရေအတွက် |
|---|---|---|
| ၁ | ဟိုတယ်လုပ်ငန်း | ၁၆၇၁(လုံး) |
| | | ၈၂၀၇၄(ခန်း) |
| ၂ | တည်းခိုရိပ်သာလုပ်ငန်း | ၆၇၆(လုံး) |
| | | ၁၃၃၆၀(ခန်း) |
| | စုစုပေါင်း(ဟိုတယ်+တည်းခိုရိပ်သာ) | ၂၃၄၇(လုံး) |
| | | ၉၅၄၃၄(ခန်း) |
| ၃ | ခရီးလှည့်လည်ရေးလုပ်ငန်း | |
| | (က) ပြည်တွင်း/ပြည်ဝင် | ၃၀၀၆(ခု) |
| | (ခ ) ပြည်ပ | ၈၄၉(ခု) |
| ၄ | ဧည့်လမ်းညွှန်လုပ်ငန်း | ၇၀၂၂(ခု) |
| | (က)ဧည့်လမ်းညွှန် | ၄၅၆၇(ခု) |
| | (ခ ) ဒေသဆိုင်ရာဧည့်လမ်းညွှန် | ၂၄၅၅(ခု) |

**ဟိုတယ်နှင့်တည်းခိုရိပ်သာများ စစ်ဆေးပြီး ပြန်လည်ဖွင့်လှစ်သည့်စာရင်း (၂၈-၃-၂၀၂၃)**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စာရင်းရှိ ဟိုတယ်/ တည်းခိုရိပ်သာအရေအတွက် | စတင်စစ်ဆေးသည့်ရက် | စစ်ဆေးပြီးနောက်ဖွင့်လှစ်သည့် ဟိုတယ်/ တည်းခိုရိပ်သာ အရေအတွက် | ပိတ်သိမ်းခြင်းမရှိဘဲ ဖွင့်လှစ်ထားသည့် စာရင်း(မစစ်ဆေးရသေး) |
|---|---|---|---|---|---|
| ၁ | နေပြည်တော် ကောင်စီနယ်မြေ | ၁၀၀ | ၂၉-၄-၂၀၂၀ | ၇၆ | - |
| ၂ | ရန်ကုန်တိုင်း ဒေသကြီး | ၄၈၄ | ၂၄-၆-၂၀၂၀ | ၃၃၆ | - |
| ၃ | မန္တလေးတိုင်း ဒေသကြီး | ၅၈၂ | ၂၅-၇-၂၀၂၀ | ၃၂၆ | - |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၉၈ | ၃၀-၆-၂၀၂၀ | ၈၇ | ၅ |
| ၅ | စစ်ကိုင်းတိုင်း ဒေသကြီး | ၆၂ | ၁၂-၅-၂၀၂၀ | ၄၇ | - |
| ၆ | တနင်္သာရီတိုင်း ဒေသကြီး | ၅၈ | ၅-၅-၂၀၂၀ | ၄၄ | - |
| ၇ | ဧရာဝတီတိုင်း ဒေသကြီး | ၁၂၄ | ၂၀-၅-၂၀၂၀ | ၁၁၀ | - |
| ၈ | မကွေးတိုင်း ဒေသကြီး | ၅၇ | ၉-၅-၂၀၂၀ | ၄၁ | - |
| ၉ | ကချင်ပြည်နယ် | ၆၉ | ၁၂-၆-၂၀၂၀ | ၄၆ | ၁၈ |
| ၁၀ | ကယားပြည်နယ် | ၃၃ | ၂၅-၅-၂၀၂၀ | ၇ | - |
| ၁၁ | ကရင်ပြည်နယ် | ၅၇ | ၂၇-၅-၂၀၂၀ | ၅၇ | - |
| ၁၂ | ချင်းပြည်နယ် | ၁၃ | ၁-၆-၂၀၂၀ | - | - |
| ၁၃ | မွန်ပြည်နယ် | ၈၁ | ၃၀-၆-၂၀၂၀ | ၆၂ | ၃ |
| ၁၄ | ရခိုင်ပြည်နယ် | ၁၀၂ | ၂၆-၅-၂၀၂၀ | ၉၀ | - |
| ၁၅ | ရှမ်းပြည်နယ် | ၄၂၇ | ၁၉-၅-၂၀၂၀ | ၃၃၀ | - |
| | **ပေါင်း** | **၂၃၄၇** | **-** | **၁၆၅၉** | **၂၆** |
| | | **၂၃၄၇** | **-** | **၁၆၈၅** | |

**နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများမှ ဝန်ထမ်းများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးမှုအခြေအနေ(၂၈-၃-၂၀၂၃)**

| စဉ် | အကြောင်းအရာ | ဝန်ထမ်း ဦးရေ | ကာကွယ်ဆေးထိုးပြီး |
|---|---|---|---|
| ၁ | ဟိုတယ်/တည်းခိုရိပ်သာ | ၃၉၅၆၉ | ၃၉၃၉၈ |
| ၂ | ခရီးသွားကုမ္ပဏီ | ၇၅၅၄ | ၅၂၈၀ |
| ၃ | ဧည့်လမ်းညွှန် | ၇၀၂၂ | ၄၁၄၁ |
| | **စုစုပေါင်း** | ၅၄၁၄၅ | ၄၈၈၁၉ |

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှပေးပို့သောစာရင်းများအရ မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှုစာရင်း**

| စဉ် | အကြောင်းအရာ | ၂၀၂၂ ဇန်နဝါရီလမှ ဖေဖော်ဝါရီလ | ၂၀၂၃ ဇန်နဝါရီလမှ ဖေဖော်ဝါရီလ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့်ဝင်ရောက်သူများ | ၄၄၅၃ | ၄၀၅၀၇ | ၃၆၀၅၄ | (+)၈၁၀% |
| ၂ | သင်္ဘောဖြင့်ဝင်ရောက်သူများ | ၃၈၅ | ၁၀၀ | (-)၂၈၅ | (+)၇၄% |
| ၃ | နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိ ဝင်ရောက်သူများ | - | ၃၀၈၈ | ၃၀၈၈ | (+)၁၀၀% |
| | **ဗီဇာဖြင့်ဝင်ရောက်သူပေါင်း** | **၄၈၃၈** | **၄၃၆၉၅** | **၃၈၈၅၇** | **(+)၈၀၃%** |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ (EP,BP,TBP) | ၁၉၄၅၉ | ၄၂၂၀၈ | ၂၂၇၄၉ | (+)၁၁၇% |
| | **စုစုပေါင်း** | **၂၄၂၉၇** | **၈၅၉၀၃** | **၆၁၆၀၆** | **(+)၂၅၄%** |

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍကို ထိခိုက်စေခဲ့တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ သက်ရောက်မှုများကို တုံ့ပြန်ဖြေရှင်းနိုင်ရန်အတွက် ဝန်ကြီးဌာနက ရေးဆွဲထားသည့် မြန်မာနိုင်ငံခရီးသွားကဏ္ဍ ပြန်လည်ထူထောင်ရေးမဟာဗျူဟာလမ်းပြမြေပုံ (Myanmar Tourism Strategic Recovery Roadmap-MTSRR) ၏ လတ်တလော ဦးစားပေးဆောင်ရွက်ရမည့်အခန်းကဏ္ဍတွင် "မြန်မာနိုင်ငံကို ဘေးကင်းလုံခြုံသော ခရီးစဉ်ဒေသတစ်ခုအဖြစ် စိတ်ချယုံကြည်မှုများ ဖြစ်ပေါ်လာစေရန်နှင့် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်" သည် လတ်တလောဦးစားပေး မဟာဗျူဟာတစ်ရပ်အနေဖြင့် ပါရှိသောကြောင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများအား ကိုဗစ်-၁၉ Safe Service အသိအမှတ်ပြုတံဆိပ်များ စနစ်တကျ သတ်မှတ်ပေးအပ်နိုင်ရန်နှင့် ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံသည့် ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းပုံရိပ်ကို မြှင့်တင်ပေးရန်အတွက် "Enchanting Myanmar Health and Safety Protocol" အစီအစဉ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၃၁-၃-၂၀၂၃ ရက်နေ့အထိ Enchanting Myanmar Health and Safety Protocol Website တွင် ဝင်ရောက်လျှောက်ထားသည့် ဟိုတယ်(၅၁၅)လုံး ရှိပြီး ယာယီအသိအမှတ်ပြုလက်မှတ်ထုတ်ပေးပြီး ဟိုတယ်(၄၆၃)လုံးရှိပါသည်။ ယာယီခွင့်ပြုဟိုတယ်(၄၆၃)လုံးအနက် (၃၈၄)လုံးကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များမှ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ပြီး ထောက်ခံတင်ပြလာခြင်းအပေါ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအဖွဲ့ဝင်များ၏ သဘောတူညီချက်ဖြင့် နိုင်ငံအဆင့် အသိအမှတ်ပြု HSP Plaque များလည်း ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေးအတွက် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ယုံကြည်စိတ်ချရသည့် ခရီးသွားဝန်ဆောင်မှုများ

ဖြစ်ပေါ်လာစေရေး HSP Website: www.hsp.tourism.gov.mm သို့ ဝင်ရောက်လေ့လာပြီး လျှောက်ထားရယူနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဒေသအဆင့် (Regional Level) အသိအမှတ်ပြု လက်မှတ်ထုတ်ပေးပြီးစီးသည့် လုပ်ငန်းများစာရင်း (၂၈-၂-၂၀၂၃)**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရှိရင်းအလုံး အရေအတွက် | အသိအမှတ်ပြုလက်မှတ် ရရှိသည့်အရေအတွက် |
|---|---|---|---|
| ၁ | နေပြည်တော်ပြည်ထောင်စုနယ်မြေ | ၁၀၀ | ၁၀၀ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | ၄၈၄ | ၂၀၀ |
| ၃ | မန္တလေးတိုင်းဒေသကြီး | ၅၈၂ | ၄၃၄ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၉၈ | ၉၂ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၆၁ | ၅၅ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၅၈ | ၄၁ |
| ၇ | ဧရာဝတီတိုင်းဒေသကြီး | ၁၂၄ | ၉၈ |
| ၈ | မကွေးတိုင်းဒေသကြီး | ၅၇ | ၅၀ |
| ၉ | ကချင်ပြည်နယ် | ၆၉ | ၄၆ |
| ၁၀ | ကယားပြည်နယ် | ၃၃ | ၃၃ |
| ၁၁ | ကရင်ပြည်နယ် | ၅၇ | ၅၇ |
| ၁၂ | ချင်းပြည်နယ် | ၁၃ | ၁၀ |
| ၁၃ | မွန်ပြည်နယ် | ၈၁ | ၆၇ |
| ၁၄ | ရခိုင်ပြည်နယ် | ၁၀၂ | ၈၅ |
| ၁၅ | ရှမ်းပြည်နယ် | ၄၂၈ | ၃၄၈ |
| **စုစုပေါင်း** | | **၂၃၄၇** | **၁၇၁၆** |

**HSP Website တွင်National Level အသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ဟိုတယ်နှင့်တည်းခိုရိပ်သာများစာရင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေ (၃၁-၃-၂၀၂၃) ရက်နေ့**

| စဉ် | နေပြည်တော် တိုင်းဒေသ ကြီး/ ပြည်နယ် | လျှောက် ထား လာမှု | Website တွင် Online မှယာယီ အသိ အမှတ် ပြုလက် မှတ် ထုတ် ပေး ထားမှု | Online Appro-ve များ အနက် Plaque ထုတ် ပေး ထားမှု | Online Appro-ve များ အနက် Plaque မရရှိ သေး သည့် ဟို တယ်/ တည်း ခိုရိပ် သာ များ | ဆောင် ရွက်ဆဲ ဟို တယ်/ တည်း ခိုရိပ် သာ များ | နေပြည် တော် ကောင်စီ၊ တိုင်းဒေ သကြီး/ ပြည်နယ် များရှိ လိုင်စင်ရ ဟိုတယ်/ တည်းခို ရိပ်သာ များ စာရင်း | လျှောက် ထားမှု ရာခိုင် နှုန်း (%) |
|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | **၅၃** | ၄၅ | ၄၆ | ၃ | ၄ | ၁၀၀ | **၅၃** |
| ၂ | မန္တလေး | **၅၃** | ၃၉ | ၁၉ | ၂၀ | ၁၄ | ၅၈၂ | **၉** |
| ၃ | ရန်ကုန် | **၇၈** | ၇၂ | ၆၄ | ၈ | ၆ | ၄၈၄ | **၁၆** |
| ၄ | ပဲခူး | **၁၁** | ၉ | ၇ | ၂ | ၂ | ၉၈ | **၁၁** |
| ၅ | စစ်ကိုင်း | **၂၄** | ၁၇ | ၁၁ | ၆ | ၇ | ၆၁ | **၃၉** |
| ၆ | တနင်္သာရီ | **၂၅** | ၂၁ | ၂၀ | ၁ | ၄ | ၅၈ | **၄၃** |
| ၇ | ဧရာဝတီ | **၂၀** | ၁၉ | ၁၂ | ၇ | ၁ | ၁၂၄ | **၁၆** |
| ၈ | မကွေး | **၁၈** | ၁၈ | ၁၈ | ၀ | ၀ | ၅၇ | **၃၂** |
| ၉ | ကချင် | **၂** | ၂ | ၀ | ၂ | ၀ | ၆၉ | **၃** |
| ၁၀ | ကယား | **၀** | ၀ | ၀ | ၀ | ၀ | ၃၃ | **၀** |
| ၁၁ | ကရင် | **၄၄** | ၄၄ | ၃၅ | ၉ | ၀ | ၅၇ | **၇၇** |
| ၁၂ | ချင်း | **၀** | ၀ | ၀ | ၀ | ၀ | ၁၃ | **၀** |
| ၁၃ | ရခိုင် | **၁၄** | ၁၃ | ၅ | ၈ | ၁ | ၁၀၂ | **၁၄** |
| ၁၄ | ရှမ်း | **၁၄၄** | ၁၃၂ | ၁၂၀ | ၁၂ | ၁၂ | ၄၂၈ | **၃၄** |
| ၁၅ | မွန် | **၂၉** | ၂၈ | ၂၇ | ၁ | ၁ | ၈၁ | **၃၆** |
| စုစုပေါင်း | | **၅၁၅** | **၄၆၃** | **၃၈၄** | **၇၉** | **၅၂** | **၂၃၄၇** | ၂၂ |

ပြည်တွင်း၊ ပြည်ပခရီးသွားများ၏ တည်းခိုနေထိုင်မှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို အချိန်နှင့်တပြေးညီ မှတ်တမ်းတင်နိုင်ရန်၊ ဧည့်သည်စာရင်းစီမံခန့်ခွဲမှုစနစ်-Guest List Management System (GLMS)ကို အဆင့်မြှင့်တင်၍ တစ်နိုင်ငံလုံးရှိ ဟိုတယ်၊ တည်းခိုရိပ်သာများအားလုံး အသုံးပြုနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ယခင်အသုံးပြုလျက်ရှိသည့်စနစ်အား အဆင့်မြှင့်တင်ခဲ့ပြီး ၁၄-၁-၂၀၂၂ ရက်နေ့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရုံးခွဲများမှ စနစ်အား အသုံးပြုမည့် ဝန်ထမ်းများအား သင်တန်းများ ပို့ချခြင်း၊ ၂၀-၄-၂၀၂၂ ရက်နေ့မှ ၂၀-၅-၂၀၂၂ ရက်နေ့အထိ ဟိုတယ်နှင့်တည်းခိုရိပ်သာများမှ စနစ်အား အသုံးပြု၍ ဧည့်သည်စာရင်းဖြည့်သွင်းပေးပို့မည့် ဝန်ထမ်းများအား သင်တန်းပို့ချပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများမှတဆင့် မိမိတို့သက်ဆိုင်ရာဒေသရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာများကို စနစ်အသုံးပြုနည်းလမ်းညွှန်သင်တန်း ပြန်လည်သင်ကြားပို့ချပေးနိုင်ရေးအတွက် ရုံးခွဲများမှ ဝန်ထမ်း (၄၄)ဦး၊ သက်ဆိုင်ရာ ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ် (၃၆)ဦး၊ စုစုပေါင်း(၈၀)ဦးကို ၂၀-၆-၂၀၂၂ ရက်နေ့မှ ၂၂-၆-၂၀၂၂ ရက်နေ့အထိ သင်တန်းပို့ချပေးခဲ့ပါသည်။ ဧည့်သည်စာရင်းစီမံခန့်ခွဲမှု(GLMS) စနစ်အား ဟိုတယ်တည်းခိုရိပ်သာများ အသုံးပြုလျက်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အသုံးပြုမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ဧည့်သည်စာရင်းစီမံခန့်ခွဲမှုစနစ် အသုံးပြုမှု အခြေပြဇယား** ၂၀-၃-၂၀၂၃ ရက်နေ့

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | လိုင်စင်ရ ဟိုတယ်/ တည်းခို ရိပ်သာ ၃၁-၁၂-၂၀၂၂ အထိ | မှတ်ပုံတင် ထားသည့် ဟိုတယ် | မှတ်ပုံတင်ရန်ကျန် ရှိသည့် ဟိုတယ် |
|---|---|---|---|---|
| ၁ | နေပြည်တော် | ၁၀၀ | ၉၅ | ၅ |
| ၂ | ကချင်ပြည်နယ် | ၆၉ | ၅၆ | ၁၃ |
| ၃ | ကယားပြည်နယ် | ၃၃ | ၃၃ | - |
| ၄ | ကရင်ပြည်နယ် | ၅၇ | ၅၇ | - |
| ၅ | ချင်းပြည်နယ် | ၁၃ | ၁၃ | - |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၆၁ | ၅၅ | ၆ |
| ၇ | တနင်္သာရီတိုင်း ဒေသကြီး | ၅၈ | ၅၆ | ၂ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၉၈ | ၉၈ | - |
| ၉ | မကွေးတိုင်းဒေသကြီး | ၅၇ | ၅၇ | - |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၅၈၂ | ၄၅၅ | ၁၂၇ |
| ၁၁ | မွန်ပြည်နယ် | ၈၁ | ၇၄ | ၇ |
| ၁၂ | ရခိုင်ပြည်နယ် | ၁၀၂ | ၈၉ | ၁၃ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၄၈၄ | ၃၅၇ | ၁၂၇ |
| ၁၄ | ရှမ်းပြည်နယ် | ၄၂၈ | ၃၃၂ | ၉၆ |
| ၁၅ | ဧရာဝတီတိုင်း ဒေသကြီး | ၁၂၄ | ၁၁၁ | ၁၃ |
| **စုစုပေါင်း** | | **၂၃၄၇** | **၁၉၃၈** | **၄၀၉** |

## ဝန်ကြီးဌာန၏ e-Government ဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ

ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအား ခေတ်မီနည်းပညာရပ်များ အသုံးချခြင်းဖြင့် တွင်ကျယ်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနရှိ e-Government ဌာနခွဲအနေဖြင့် ဝန်ထမ်းများအား နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်စွာ အသုံးချနိုင်စေရေးအတွက် Video Conferencing စနစ်ဖြင့်ပြုလုပ်သည့် အခမ်းအနားများတွင် လိုက်နာရမည့် အချက်များကို အသိပေးရှင်းလင်းခြင်း၊ အသုံးပြုနည်းတို့ကို ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဌာန၏ e-Government ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ

**ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်းများ**

ကချင်ပြည်နယ်၊ ပူတာအိုရေခဲတောင်ခြေရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားရေခဲတောင်တက်ခရီးစဉ်လမ်းပြများနှင့် အထမ်းသမားများအတွက် (ဒေသညွှန်လမ်းပြ) သင်တန်းအား ၂၈-၂-၂၀၂၃ ရက်နေ့မှ ၁၄-၃-၂၀၂၃ ရက်နေ့အထိ သင်တန်း(၁)ကြိမ်၊ သင်တန်းသား (၁၀၀)ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

မြန်မာနိုင်ငံရှိခရီးစဉ်ဒေသများတွင် မသန်စွမ်းသူများအတွက်အဟန့်အတားမဲ့ ခရီးသွားလုပ်ငန်းစီမံကိန်းဖော်ဆောင်မှုအဖြစ် (Barrier Free Tourism) သင်တန်းကို သင်တန်း(၂)ကြိမ်၊ သင်တန်းသား (၁၇၈) ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ကမ်းရိုးတန်း သယံဇာတများ ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးသင်တန်းကို ကော့သောင်းမြို့တွင် သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၁၁၀) ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

**ဘာသာစကားသင်တန်းများ**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍတွင် ရုရှားခရီးသွားဈေးကွက် ပိုမိုရရှိရေးနှင့် ရုရှားခရီးသွားများအား ပိုမိုကောင်းမွန်သော ခရီးသွားဝန်ဆောင်မှုများ ပေးအပ် နိုင်ရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ (စစ်တက္ကသိုလ်) အဆင့်မြင့်စာပေပညာဇဟိုဌာန၌ ရုရှားဘာသာစကား (Diploma) သင်တန်းကို ၁၄-၂-၂၀၂၃ ရက်နေ့မှ ၁၉-၆-၂၀၂၃ ရက်နေ့အထိ သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၁၂) ဦးဖြင့် ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။

အလားတူ ထိုင်းဘာသာစကားသင်တန်းကို မန္တလေးတိုင်းဒေသကြီး၊ ပုဂံမြို့တွင် ထိုင်းနိုင်ငံခရီးသွားကုမ္ပဏီ Best International Travels & Agency ပူးပေါင်းဖွင့်လှစ်သည့် နေ့စဉ်သုံး အခြေခံထိုင်းဘာသာစကားပြောသင်တန်းကို ၇-၂-၂၀၂၃ ရက်နေ့မှ ၂၄-၃-၂၀၂၃ ရက်နေ့အထိ သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၈၀) ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။

**လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး (HSP) သင်တန်းများ**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းပုံရိပ်ကိုမြင့်တင်ပေးရန် ရည်ရွယ်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး "Enchanting Myanmar Health and Safety Protocol" သင်တန်းများကို (Outsourcing) ပုံစံဖြင့် ဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အစည်း၊ မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအသင်းတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ဖွင့်လှစ်ပို့ချလျက်ရှိရာတွင် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဧပြီလအထိ သင်တန်း (၃) ကြိမ်၊ သင်တန်းသား (၁၅၉) ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ဆွစ်နည်းပညာပူးပေါင်းဆောင်ရွက်ရေးဖောင်ဒေးရှင်း၏ အထောက်အပံ့ဖြင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ တောင်ကြီးရုံးခွဲနှင့် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရှမ်းတောင်ပိုင်း)တို့ ပူးပေါင်း၍ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းကို ၂၇-၂-၂၀၂၃ ရက်နေ့မှ ၂၄-၃-၂၀၂၃ ရက်နေ့အထိ သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၆၀) ဦး ဖွင့်လှစ်ခဲ့ပါသည်။

ခရီးသွားလုပ်ငန်းသုတေသနစင်တာ လက်စွဲစာအုပ် (Handbook) မိတ်ဆက်ထုတ်ဝေခြင်းနှင့် လက်စွဲစာအုပ်ပါ သုတေသနနည်းလမ်းများအား ရှင်းလင်းပို့ချခြင်းသင်တန်း (Microsoft Power BI) ကို Online ဖြင့် သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၂၀) ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်-

| စဉ် | သင်တန်းအမျိုးအစား | စုစုပေါင်း | |
|---|---|---|---|
| | | ကြိမ်ရေ | ဦးရေ |
| ၁။ | ဒေသညွှန်လမ်းပြသင်တန်း | ၁ | ၁၀၀ |
| ၂။ | Barrier Free Tourism သင်တန်း | ၂ | ၁၇၈ |
| ၃။ | ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ကာကွယ်ထိန်းသိမ်းခြင်း ဆိုင်ရာအသိပညာပေးသင်တန်း | ၁ | ၁၁၀ |
| ၄။ | ရုရှားဘာသာစကား (Diploma) သင်တန်း | ၁ | ၁၂ |
| ၅။ | ထိုင်းဘာသာစကား(အခြေခံ) သင်တန်း | ၁ | ၈၀ |
| ၆။ | လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်း (Outsourcing) | ၃ | ၁၅၉ |
| ၇။ | ဆွစ်နည်းပညာပူးပေါင်းဆောင်ရွက်ရေးဖောင်ဒေးရှင်း၏ အထောက်အပံ့ဖြင့် ဖွင့်လှစ်သည့် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု သင်တန်း | ၁ | ၆၀ |
| ၈။ | ခရီးသွားလုပ်ငန်းသုတေသနစင်တာမှ ရှင်းလင်းပို့ချခြင်းသင်တန်း (Microsoft Power BI) | ၁ | ၂၀ |
| ၉။ | အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်း | ၁ | ၃၅ |
| | စုစုပေါင်း | ၁၂ | ၇၅၄ |

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍအတွင်း ဆန်းသစ်တီထွင်မှုနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများ၏ စွန့်ဦးတီထွင်မှု၊ အလုပ်အကိုင်ဖန်တီးမှုများ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကို နေပြည်တော်တွင် သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၃၅) ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

**မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလုပ်ငန်းများ**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ (၂၀၂၁) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနစီမံကိန်း၏ Inbound Tourism Survey Report အား စီမံကိန်းလုပ်ငန်းစဉ်များအပေါ် ကြီးကြပ်မှုကော်မတီ (Project Steering Committee) ထံ တင်ပြပြီး အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေခြင်း၊ Inbound Tourism Survey Report အား ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများအား မိတ်ဆက်ရှင်းလင်းခြင်း၊ ပြည်တွင်းခရီးသွား ရွေ့ပြောင်းအကြိုလေ့လာမှုစစ်တမ်း (Domestic Tourism Pilot Survey) ကောက်ယူခဲ့သည့် အချက်အလက် များကို Tabulation Data ဖြင့် တင်ပြခြင်း၊ ပြည်ပထွက်ခွာရွေ့ပြောင်းအကြိုလေ့လာမှုစစ်တမ်း (Outbound Tourism Pilot Survey) ကောက်ယူရရှိသည့် အချက်အလက်များကို ခွဲခြားစိတ်ဖြာခြင်း (Data Processing) Tabulation Data ဖြင့် တင်ပြခြင်း၊ Microsoft Power BI သင်တန်းအား ပြင်ပ (Outsourcing) သင်တန်းဆရာများမှ Zoom Application ဖြင့် ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။

ထို့အပြင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ၂၀၂၂ နှင့် ပြည်တွင်းနှင့် ပြည်ဝင်ခရီးသွားစစ်တမ်း- ၂၀၂၂ ကောက်ယူတွေ့ရှိချက်များအား ရှင်းလင်းတင်ပြခြင်းနှင့် ခရီးသွားလုပ်ငန်းသုတေသနစကားဝိုင်းဆွေးနွေးပွဲနှင့် စီမံကိန်းပိတ်ပွဲအခမ်းအနားများကို ကျင်းပပြုလုပ်ခြင်း၊ နိုင်ငံသားများ၏ ပြည်ပခရီးသွားရွေ့ပြောင်းအကြို လေ့လာမှုစစ်တမ်း (Outbound Tourism Pilot Survey) အစီရင်ခံစာမူကြမ်းနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာ ကိန်းဂဏန်းများအတွက် ဆောင်ရွက်ရမည့်လုပ်ငန်း (Mechanism for Tourism Satellite Account-TSA) အစီရင်ခံစာ မူကြမ်းများအား ခရီးသွားလုပ်ငန်း သုတေသနစီမံကိန်းလုပ်ငန်းစဉ်များအပေါ် ကြီးကြပ်မှုကော်မတီ (PSC) သို့ တင်ပြခြင်း၊ PSC အဖွဲ့ဝင်များ၏ အကြံပြုချက် များနှင့်အညီ ပြန်လည်ပြင်ဆင်ခြင်း၊ Year Round Survey Plan တင်ပြခြင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၇) နှစ် မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားတွင်

ပါဝင်ဆောင်ရွက်ခြင်း၊ စီမံကိန်းပိတ်ပွဲ အခမ်းအနားကို ၃၀-၃-၂၀၂၃ ရက်နေ့ နေပြည်တော်၊ မင်္ဂလာသီရိဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

## ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များ

**ခရီးသွားမြှင့်တင်ရေးဆိုင်ရာဆောင်ရွက်ချက်များ**

မြန်မာနိုင်ငံ၏ခရီးစဉ်ဒေသများကို မြှင့်တင်နိုင်ရန်အတွက် စာအုပ်စာစောင်များ၊ CD/ DVD များ စီစဉ်ထုတ်ဝေပြီး ဖြန့်ဝေလျက်ရှိရာ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဧပြီလအတွင်း တိုင်းဒေသကြီး၊ ပြည်နယ်များရှိရုံးခွဲများ၊ Information Counter များ၊ ခရီးသွားမြှင့်တင်ရေးအတွက် ကျင်းပသည့် အစည်းအဝေး၊ ဆွေးနွေးပွဲများ၊ နိုင်ငံခြားသံရုံးများနှင့် နိုင်ငံတကာခရီးသွားပြပွဲ(၂၀၂၃) တို့သို့ လက်ကမ်းစာအုပ်/စာစောင်နှင့်မြေပုံ (၂၁,၆၅၅) စောင်၊ CD, DVD (၂၄၈) ချပ်နှင့် Memory Stick (၁၄၇၅) ခုတို့ကို ဖြန့်ဝေပေးခဲ့ပါသည်။

**ပြည်ပခရီးသွားမြှင့်တင်ရေးအစီအစဉ်များ**

**Welcome Russia Program in Myanmar ဖွဲ့စည်းခြင်း**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာ- ရုရှားချစ်ကြည်ရေးအသင်းမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် “Welcome Russia” Program in Myanmar ကို နှစ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ-ရုရှား ခရီးသွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ကို အစိုးရနှင့်ပုဂ္ဂလိက ခရီးသွားလုပ်ငန်းကဏ္ဍမှအဖွဲ့ဝင်များဖြင့် ၂၀၂၂-၂၀၂၃ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။

**ITB Berlin-2023 ခရီးသွားပြပွဲကျင်းပခဲ့ခြင်း**

ITB Berlin -2023 ခရီးသွားပြပွဲကို ၇-၃-၂၀၂၃ ရက်နေ့ မှ ၉-၃-၂၀၂၃ ရက်နေ့အထိ ဂျာမနီနိုင်ငံ၊ ဘာလင်မြို့၌ ကျင်းပပြုလုပ်ခဲ့ရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကိုယ်စား မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်းမှ မြန်မာနိုင်ငံကိုယ်စားပြုပြခန်းအား ကုမ္ပဏီ (၄)ခု၊ ကိုယ်စားလှယ် (၆)ဦး တို့ဖြင့် ပါဝင်ပြသခဲ့ပါသည်။

**(၂၉) ကြိမ်မြောက် မော်စကို နိုင်ငံတကာခရီးသွားပြပွဲ- ၂၀၂၃ ကျင်းပခဲ့ခြင်း**




(၂၉)ကြိမ်မြောက်မော်စကို နိုင်ငံတကာခရီးသွားပြပွဲ-၂၀၂၃ ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့၊ Crocus Expo Centre ၌ ၁၆-၃-၂၀၂၃ ရက်နေ့မှ ၁၈-၃-၂၀၂၃ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာခရီးသွားပြပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကိုယ်စား မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်းအား ခရီးသွားကုမ္ပဏီ(၃)ခု၊ လေကြောင်းလိုင်း(၁)ခုတို့ဖြင့် ပါဝင်ပြသခဲ့ပါသည်။

**Ural Airlines ၏ In-Flight မဂ္ဂဇင်းဖြစ်သော Ural Airlines Magazine (UAM) တွင် သတင်းဆောင်းပါးများထည့်သွင်းဖော်ပြနိုင်ရေးအစီအစဉ်**

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ သတင်းဆောင်းပါးများကို Ural Airlines ၏ In-Flight မဂ္ဂဇင်းဖြစ်သော Ural Airlines Magazine (UAM) တွင် ၂၀၂၃ ခုနှစ် မတ်လမှ ဇွန်လ အထိ ထည့်သွင်းဖော်ပြနိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Ekaterinburg မြို့အခြေစိုက် LLC Sky Media Group တို့အကြား ဝန်ဆောင်မှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီးဖြစ်၍ ၂၀၂၃ ခုနှစ်၊ မတ်လတွင် စတင်၍ ဆောင်းပါးထည့်သွင်းဖြန့်ချီခဲ့ပါသည်။

**ပြည်တွင်းခရီးသွားမြှင့်တင်ရေးအစီအစဉ်များ**

**ခရီးသွားလုပ်ငန်း အထောက်အကူပြု အသိပညာဆွေးနွေးပွဲကျင်းပခြင်း**

ရခိုင်ပြည်နယ်အတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ငပလီကမ်းခြေတွင် ခရီးသွားဧည့်သည်များကို စည်းကမ်းစနစ်တကျ ဝန်ဆောင်မှုပေးစေရေး၊ ခရီးစဉ်ဒေသသန့်ရှင်းသာယာလှပရေးနှင့် တာဝန်သိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ခရီးသွားလုပ်ငန်းအထောက်အကူပြု ပညာပေးဟောပြောပွဲကို ၁၇-၃-၂၀၂၃ ရက်နေ့တွင် ငပလီမြို့၊ ဂျိတ္တောရပ်ကွက် Diamond Ngapali Hotel ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါဟောပြောပွဲသို့ ငပလီကမ်းခြေရှိ ခရီးသွားလုပ်ငန်းတွင် ပါဝင်ပတ်သက်သည့် ဒေသခံ(၄၀)ဦး၊ သံတွဲခရိုင် ခရီးစဉ်ဒေသဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအပါအဝင် စုစုပေါင်း (၆၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

**မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအား Digital နည်းဖြင့် မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေ**

မြန်မာနိုင်ငံကို ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ ခရီးစဉ်ဒေသတစ်ခုအဖြစ် ပေါ်ထွက်လာစေရေးအတွက် ထိရောက်သော ပြည်တွင်း၊ ပြည်ပဈေးကွက် မြှင့်တင်မှုများဖြစ်စေရန်နှင့် မြန်မာနိုင်ငံသို့လာရောက်မည့် ခရီးသွားဧည့်သည်များအတွက် လိုအပ်သည့်ခရီးသွားဆိုင်ရာ အချက်အလက်များကို ဝန်ကြီးဌာန၏ Website ၊ Web Portal နှင့် Mobile Application တို့တွင် ဖော်ပြထားရှိခြင်း၊ Digital Marketing နည်းလမ်းများဖြစ်သည့် Email Campaign Marketing နှင့် Social Media Platform Marketing များဖြစ်သည့် Facebook ၊ Instagram ၊ Twitter ၊ Pinterest ၊ Youtube နှင့် Viber တို့မှတဆင့် မြန်မာနိုင်ငံ၏ ထင်ရှားလှပသော ခရီးစဉ်ဒေသများ၊ ရိုးရာဓလေ့ထုံးတမ်းများ၊ ရိုးရာအစားအသောက်များနှင့် ရိုးရာပွဲတော်များအကြောင်းကို လွှင့်တင်ကြော်ငြာခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ဝန်ကြီးဌာန၏ Website နှင့် Web Portal တို့ကို အင်္ဂလိပ်၊ မြန်မာ၊ ရုရှား၊ ဂျာမဏီ၊စပိန်၊ အီတလီ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ ဗီယက်နမ် စသည့် ဘာသာစကား (၁၁) မျိုးဖြင့် လွှင့်တင်ထားပါသည်။ ခရီးစဉ်ဒေသများတွင် 4KHDR Video၊ 360˚ Video နှင့် 360˚Photo များရိုက်ကူး၍ Virtual Reality ပြခန်းနှင့် Virtual Reality Website တို့တွင် Online /Offline ဖြင့် ကြည့်ရှုနိုင်ရေးဆောင်ရွက်ထားရှိပါသည်။ ခရီးစဉ်ဒေသနှင့်ခရီးသွားဆွဲဆောင်မှုဆိုင်ရာ 360˚ Video နှင့် 360˚ Photo များ၊ ဆောင်းပါးများကို အသုံးပြု၍ ဝန်ကြီးဌာနမှ လွှင့်တင်ထားသော Facebook, Instagram, Twitter, Pinterest, Linkedin, Viber, Youtube စသော Social Media Platform များတွင် Online Marketing ပြုလုပ်ခြင်း၊ Website နှင့် Web Portal တို့တွင် မြှင့်တင် Google Marketing ပြုလုပ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နယ်ရုံးခွဲများနှင့် Information Counter များတွင် ဖြန့်ချီထားရှိသော Digital Signage များကို ထင်ရှားသော ခရီးစဉ်ဒေသများတွင် ထပ်မံထားရှိနိုင်ရေး စီစဉ်ခြင်းများလည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး၏ ဌာနခွဲအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဧပြီလအထိ အာဆီယံနိုင်ငံများမှ

ကျင်းပပြုလုပ်သော ဖိုရမ်များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများအား တက်ရောက်၍ ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်ခဲ့ပါသည်။

| စဉ် | အကြောင်းအရာ | ဖိုရမ်/အလုပ်ရုံ ဆွေးနွေးပွဲ/ အစည်းအဝေး တက်ရောက်မှု အကြိမ် အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁။ | အာဆီယံနိုင်ငံများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်း (ASEAN) | ၁ ကြိမ် | Virtual/ Hybrid |
| ၂။ | အာဆီယံနိုင်ငံများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်း (ASEAN) | ၂ ကြိမ် | Physical |
| ၃။ | အာဆီယံဗဟိုဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ၁ ကြိမ် | Hybrid |

**(၅၇) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပါဝင်တက်ရောက်ခြင်း**




အင်ဒိုနီးရှားနိုင်ငံ၊ ဂျော့ဂျကာတာမြို့တွင် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့မှ ၃ ရက်နေ့အထိ (၅၇) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဖြစ်သည့် (၄၂) ကြိမ်မြောက် အာဆီယံ+၃ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့အစည်းအဝေး၊ (၂၉) ကြိမ်မြောက် အာဆီယံ+အိန္ဒိယ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့အစည်းအဝေး၊ (၁၃)ကြိမ်မြောက် အာဆီယံ-ရုရှား ခရီးသွားလုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ သတင်းစာရှင်းလင်းပွဲများသို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး၊ ဒေါ်ခိုင်မီမီထွန်းတို့ ပါဝင်တက်ရောက်ခဲ့ပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် (၅၇) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းအဝေးကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် (၄၂)ကြိမ်မြောက် အာဆီယံ+၃ (တရုတ်၊ ဂျပန်၊ ကိုရီးယား) ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းအဝေး၊ (၂၉) ကြိမ်မြောက် အာဆီယံ+အိန္ဒိယ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် (၁၃) ကြိမ်မြောက် အာဆီယံ+ရုရှား ခရီးသွားလုပ်ငန်း ညှိနှိုင်းအစည်းအဝေးများသို့ ပါဝင်တက်ရောက်ခဲ့ပါသည်။ ထို့အပြင် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့များမှ နိုင်ငံအလိုက် ခရီးသွားလုပ်ငန်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ကမ္ဘာ့မီဒီယာများသို့ ရှင်းလင်းတင်ပြသည့် သတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ရှင်းလင်းတင်ပြခဲ့ပြီး အာဆီယံခရီးသွားလုပ်ငန်းပြပွဲအစီအစဉ်တွင်လည်း မြန်မာနိုင်ငံမှ ခရီးသွားပြခန်းများ ခင်းကျင်းပါဝင်ပြသခဲ့သည်။

**အာဆီယံဗဟိုဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**




အာဆီယံ-ဂျပန်ဗဟိုဌာန၏ အထောက်အပံ့ဖြင့် National Activity Project 2022 ကို အကောင်အထည်ဖော်သည့်အနေဖြင့် ဂျပန်ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးနေသူများအတွက် အရည်အသွေးမြှင့်တင်ရေး အသိပညာဆွေးနွေးပွဲဖြစ်သည့် တတိယအကြိမ် Hybrid Seminar ကို ကလောမြို့ရှိ Hill Top Villa ဟိုတယ်တွင် ၁၀-၁-၂၀၂၃ ရက်နေ့မှ ၁၁-၁-၂၀၂၃ ရက်နေ့အထိ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ရုံးချုပ်နှင့် နယ်ရုံးခွဲများမှ ကိုယ်စားလှယ်များ Online ဖြင့် ပါဝင်တက်ရောက်ခဲ့ပြီး အစိုးရနှင့်ပုဂ္ဂလိက ခရီးသွားလုပ်ငန်းကဏ္ဍမှ စုစုပေါင်းကိုယ်စားလှယ်(၈၀)ဦး In Person ဖြင့် ပါဝင်တက်ရောက်ခဲ့ပါသည်။

## တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာဆောင်ရွက်မှုမှတ်တမ်း

### ကရင်ပြည်နယ်



ဘားအံမြို့အဝင်သံလွင်တံတားလမ်းဆုံမှစ၍ ရဲသာကျေးရွာ၊ ကမော့ကစင်ကျေးရွာ၊ ကရင်ပြည်နယ်၏ အထင်ကရဇွဲကပင်တောင်နှင့် ကြာအင်းတောင်ကြားတို့ကို ဖြတ်သန်း၍ လှာကဒေါင်ကျေးရွာထိ ဖောက်လုပ်ထားသော ဘားအံမြို့ရှောင်လမ်းကတ္တရာလမ်းသစ်နှင့် ဘားအံမြို့အဝင် သံလွင်တံတားလမ်းဆုံတွင် ရတနာဆင်ဖြူတော် (၄)စီး ပါဝင်သော ရွှေဖားစည်လမ်းဆုံအဝိုင်းဖွင့်ပွဲကို ၁၁-၂-၂၀၂၃ ရက်နေ့တွင် ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်တွင်း၊ ပြည်ပ ခရီးသွားများနှင့် ဒေသခံပြည်သူများ ခရီးစဉ်ဒေသများသို့ အဆင်ပြေလွယ်ကူလျင်မြန်စွာသွားလာနိုင်ရေး ရည်ရွယ်ဆောင်ရွက်ခဲ့ပါသည်။



၂၀၂၃ ခုနှစ်၊ ဧပြီလ၊ သင်္ကြန်ရုံးပိတ်ရက်များအတွင်း ကရင်ပြည်နယ်၏ ဘားအံမြို့၊ ခရီးစဉ်ဒေသတစ်ခုဖြစ်သော ဒုံရင်းရေတံခွန်တွင် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ စည်ကားစွာ လည်ပတ်ခဲ့ကြပါသည်။

## မွန်ပြည်နယ်

**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မွန်ပြည်နယ် ညွှန်ကြားရေးမှူးရုံး၊ မော်လမြိုင်မြို့၏ ခရီးသွားလုပ်ငန်းဆောင်ရွက်မှု**



မွန်ပြည်နယ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မော်လမြိုင်မြို့ အနေဖြင့် ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးတို့အတွက် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့မှ (၈)ရက်နေ့အထိ နေပြည်တော်၊ တပေါင်းကွင်းတွင် ကျင်းပပြုလုပ်ခဲ့သော (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် မွန်ပြည်နယ် ကိုယ်စားပြု ဟိုတယ်နှင့် ခရီးသွားကဏ္ဍပြခန်း ပါဝင်ပြသခြင်း၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့မှ (၁၄) ရက်နေ့အထိ ရန်ကုန်မြို့၊ ပြည်သူ့ရင်ပြင်တွင် ကျင်းပပြုလုပ်ခဲ့သော (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မွန်ပြည်နယ် ဟိုတယ်နှင့်ခရီးသွား ကဏ္ဍပြခန်း ပါဝင်ပြသခြင်းနှင့် ၂၀၂၃ ခုနှစ်၊ မတ်လ (၁၈) ရက်နေ့မှ (၁၉) ရက် နေ့အထိ မော်လမြိုင်မြို့၊ ကမ်းနားလမ်း၌ ကျင်းပပြုလုပ်ခဲ့သော (၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် မွန်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားကဏ္ဍပြခန်း ပါဝင်ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ ပြခန်းများတွင် မွန်ပြည်နယ်အတွင်းရှိ ထင်ရှားပြီး ပြည်တွင်း၊ ပြည်ပ ခရီးသွား ဧည့်သည်များ စိတ်ဝင်စားစေမည့် ခရီးစဉ်ဒေသများ၊ ခရီးသွားလုပ်ငန်း ဆိုင်ရာ သတင်းအချက်အလက်များနှင့် ဒေသထွက်အမှတ်တရ လက်ဆောင် ပစ္စည်းများအား ခင်းကျင်းပြသခဲ့ပါသည်။

## ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်အတွင်းရှိ ခရီးစဉ်ဒေသများဖြစ်သော ငပလီကမ်းခြေ သံတွဲခရိုင်၊ ငပလီကမ်းခြေသို့ ၈-၄-၂၀၂၃ ရက်နေ့မှ ၁၇-၄-၂၀၂၃ ရက်နေ့ အထိ ပြည်တွင်းခရီးသွားဧည့်သည် (၂၈၀၀၂) ဦးနှင့် ပြည်ပခရီးသွားဧည့်သည် (၈၀၃) ဦး ဝင်ရောက်ခဲ့ပြီး၊ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှု ခရီးစဉ်ဒေသများသို့ ၈-၄-၂၀၂၃ ရက်နေ့မှ ၁၇-၄-၂၀၂၃ ရက်နေ့အထိ ပြည်တွင်းခရီးသွားဧည့်သည် (၂၀၀၈)ဦး နှင့် ပြည်ပခရီးသွားဧည့်သည် (၁)ဦး တို့ ဝင်ရောက်ခဲ့ပါသည်။



## ရှမ်းပြည်နယ်

**၂၀၂၃ ခုနှစ်၊ မြန်မာ့ရိုးရာအတာသင်္ကြန်ကို အင်းလေးဒေသတွင် ရေပေါ်သင်္ကြန်ကျင်းပ**

၂၀၂၃ ခုနှစ်၊ မြန်မာ့ရိုးရာအတာသင်္ကြန်ရေသဘင်ပွဲတော်ကို နိုင်ငံအနှံ့အပြား ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ၏ ထင်ရှားသော ခရီးစဉ်ဒေသတစ်ခုဖြစ်သည့် ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသတွင် ရေပေါ်သင်္ကြန်ကို ၁၃-၄-၂၀၂၃ ရက်နေ့မှ ၁၆-၄-၂၀၂၃ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။



အင်းလေးရေပေါ်သင်္ကြန်ဖွင့်ပွဲအခမ်းအနားကို ၁၃-၄-၂၀၂၃ ရက်နေ့ မဟာသင်္ကြန်အကြိုနေ့က အင်းလေးကန်ရေပြင်ရှိ ရေပေါ်သင်္ကြန်မဏ္ဍပ်တွင် နံနက် (၁၁:၀၀) နာရီအချိန်တွင် ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးတို့က မင်္ဂလာနှုတ်ခွန်းဆက်စကားများ ပြောကြားပြီး အတာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် တက်ရောက်လာသော ဧည့်သည်တော်များ၊ ယိမ်းအကအဖွဲ့များကို သပြေခက်ဖြင့် အတာရေပက်ဖျန်းပြီး၊ နိုင်ငံကျော် အဆိုတော်များ၊ ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

အင်းလေးဒေသသို့ ပြည်တွင်းပြည်ပ ဧည့်သည်များ တိုးတက်ဝင်ရောက်လာစေရန်နှင့် ခရီးစဉ်ဒေသပုံရိပ်ကို မြှင့်တင်ပေးနိုင်ရန်အတွက် ၂၀၁၉ ခုနှစ်က ကျင်းပခဲ့သည့် အင်းလေးရေပေါ်သင်္ကြန်ပွဲတော်ကို ယခု ၂၀၂၃ ခုနှစ်တွင် ပြန်လည်စီစဉ်ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ အင်းလေးရေပေါ်သင်္ကြန်မဏ္ဍပ်တွင် နိုင်ငံကျော်အဆိုတော်များနှင့်ယိမ်းအကအဖွဲ့များ၏ ဖျော်ဖြေမှု၊ စတုဒိသာ ဧည့်ခံကျွေးမွေးမှုများဖြင့် လာရောက်လည်ပတ်သည့် ဧည့်သည်များ၊ ဒေသခံ

ပြည်သူများက လှေ၊ ဖောင်များပေါ်မှ ရေသဘင်ပွဲတော်ကို အင်းလေးကန်ရေပြင်တွင် ပျော်ရွှင်စွာဆင်နွှဲခဲ့ကြပါသည်။

ရေပေါ်သကြ်န်ကျင်းပပေးခြင်းဖြင့် ၎င်းသကြ်န်မဏ္ဍပ်နေရာသို့ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ခြင်းဖြင့် ဒေသခံ ဟိုတယ်၊ တည်းခိုရိပ်သာများ၊ စက်လှေများ၊ စားသောက်ဆိုင်များနှင့် အမှတ်တရပစ္စည်းရောင်းချသူများအနေဖြင့် ခရီးသွားလုပ်ငန်းမှ အလုပ်အကိုင်ဝင်ငွေရရှိပြီး ဒေသအတွက် အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည်။

## တနင်္သာရီတိုင်းဒေသကြီး

**တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲအခမ်းအနား ကျင်းပပြုလုပ်နိုင်ခဲ့**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ကျွန်းစုပင်လယ်ပြင်အတွင်းရှိ ရေပေါ်ရေအောက်သဘာဝသယံဇာတများ၏ တန်ဖိုးရှိမှုအပေါ် ဒေသခံများမှ သိရှိနားလည်လာနိုင်ကြမှုနှင့်မတူ ဝိုင်းဝန်းပူးပေါင်းပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်လာနိုင်ကြစေရန်ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှု၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး(ထားဝယ်မြို့)၏ စီစဉ်မှုတို့ဖြင့် “တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲအခမ်းအနား” ကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့၊ နေ့လည် (၂:၀၀) နာရီတွင် ကော့သောင်းမြို့ရှိ “မဉ္ဇူသက္ကခန်းမ”၌ ကျင်းပပြုလုပ်ခဲ့ရာ ကော့သောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးမှ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပေးခဲ့ပါသည်။



ဆက်လက်ပြီး မြိတ်တက္ကသိုလ်၊ အဏ္ဏဝါသိပ္ပံဌာနမှူး ပါမောက္ခဌာနမှူး (ငြိမ်း) ဒေါက်တာ နန်းမြဟန်မှ ပင်လယ်ရေအောက်ရှိ သက်ရှိသက်မဲ့ သယံဇာတများ၏ သဘာဝနှင့်ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ သိရှိလိုက်နာဆောင်ရွက်သင့်သည့် အချက်များနှင့်ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးလွှမ်းမိုးမှ ပင်လယ်ပြင်ခရီးစဉ်များတွင် ပင်လယ်ကမ်းရိုးတန်းဂေဟစနစ်များ ရေပေါ်ရေအောက်ရှိ သက်ရှိသက်မဲ့သယံဇာတများနှင့် ခရီးသွားဧည့်သည်များအပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် သတိပြုလိုက်နာဆောင်ရွက်သင့်သည့် နေထိုင်လှုပ်ရှားသွားလာမှု ပုံစံဆိုင်ရာ အသိပညာပေးခြင်းနှင့် ပတ်သက်၍ ဆွေးနွေးဟောပြောခဲ့ကြပြီး အသိပညာပေးဟောပြောပွဲအခမ်းအနားကို ခေတ္တရပ်နားခဲ့ပါသည်။

ထို့နောက် အသိပညာပေးဟောပြောပွဲအခမ်းအနားကို (၁၆:၀၀) နာရီတွင် ဆက်လက်ကျင်းပပြုလုပ်ရာ ကော့သောင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းထက်အောင်မှ ပင်လယ်ကမ်းရိုးတန်းဂေဟစနစ်များ ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ သိရှိလိုက်နာဆောင်ရွက်သင့်သော အချက်အလက်များအပါအဝင်ဌာနမှ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း၊ ကော့သောင်းခရိုင် ပတ်ဝန်းကျင်ထိမ်းသိန်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်မိုးမှ ပင်လယ်ကမ်းရိုးတန်းသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူအသုံးချနိုင်ရေး ကမ်းရိုးတမ်းဒေသခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဟန့်အတားဖြစ်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး ထိန်းသိမ်းခြင်းနှင့် ရေရှည်စီမံအုပ်ချုပ်ခြင်းဆိုင်ရာ ပညာပေးလုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်နှင့် လုပ်ငန်းရန်ပုံငွေများ ဦးစားပေးခွဲဝေပေးရန်နှင့် ပတ်သက်၍ ဆွေးနွေးဟောပြောခဲ့ကြပါသည်။

ဆက်လက်၍ အသိပညာပေးဟောပြောပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများမှ သိရှိလိုသည်များနှင့်ပတ်သက်ပြီး မေးမြန်းခဲ့ကြရာ သက်ဆိုင်ရာ ကဏ္ဍအလိုက်ပညာရှင်များနှင့် ဌာနတာဝန်ခံများမှ ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပြီးနောက် ကောသောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးမှ အသိပညာပေးဟောပြောပွဲအခမ်းအနားတွင် ပါဝင်ဆွေးနွေးပေးခဲ့ကြသည့် ဘာသာရပ်အလိုက်ပညာရှင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများအား အသီးသီးချီးမြှင့်ပေးအပ်ခဲ့ပါသည်။

ထို့နောက် ကော့သောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးမှ နိဂုံးချုပ်အမှာစကားပြောကြား ပြီးနောက် အသိပညာပေးဟောပြောပွဲအခမ်းအနားကို ရုတ်သိမ်းခဲ့ပါသည်။ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်တွင်ကျင်းပပြုလုပ်ခဲ့သည့် “တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ကာကွယ် ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲအခမ်းအနား” သို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူ(၃၉)ဦး၊ ဟိုတယ်နှင့်ခရီးလှည့်လည်ရေးလုပ်ငန်း လုပ်ကိုင်သူများနှင့် ဒေသတွင်းရှိ ဧည့်လမ်းညွှန်(၇၁)ဦး၊ စုစုပေါင်းအင်အား (၁၁၀)ဦးကျော် တက်ရောက်ခဲ့ကြသည်။

## ပဲခူးတိုင်းဒေသကြီး

**(၇၆) ကြိမ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် ခရီးသွားမြှင့်တင်ရေးပြကွက်များ ပြင်ဆင်ပြသခြင်း**




၁၂-၂-၂၀၂၃ ရက်နေ့ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်သည့် (၇၆) ကြိမ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုပြခန်း (Pavallnion) ပြင်ဆင်ခြင်း၊ ခရီးသွားလာမှုဆိုင်ရာပြခန်း (Booth) ခင်းကျင်းပြသခြင်းနှင့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု စားသောက်ခန်း၊ ပြခန်းများတည်ဆောက်ပြင်ဆင်ပြသခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် Digital Concierge ဖြင့် ပဲခူးတိုင်းဒေသကြီး၏ ထင်ရှားသည့် ဓါတ်ပုံ/ ဗွီဒီယိုများပြသခြင်း၊

လက်ကမ်းစာစောင်များ၊ အမှတ်တရပစ္စည်းများ၊ မဇင်းစက်မှုလက်မှုပစ္စည်းများ၊ ကွမ်းသီးဖတ်မှ လူသုံးကုန်ပစ္စည်းများအား ခင်းကျင်းပြသခဲ့ပါသည်။

**အဟန့်အတားမဲ့ခရီးသွားလုပ်ငန်း (Barrier free Tourism) အသိပညာပေး သင်တန်းကို ဖွင့်လှစ်ခြင်း**



တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန၏ ကြီးကြပ်မှု၊ ဆက်စပ်ဌာနဆိုင်ရာများ၏ ပူးပေါင်းကူညီဆောင်ရွက်မှုတို့ဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း ခရီးစဉ်ဒေသများတွင် မသန်စွမ်းသူများ ခရီးသွားလာနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်သွားပြီး ဝန်ဆောင်မှုပေးမည့် ဆက်စပ်ဌာနများ၊ ဝန်ထမ်းများအား အဟန့်အတားမဲ့ ခရီးသွားလုပ်ငန်း (Barrier Free Tourism) နှင့်ပတ်သက်သောအသိပညာပေးဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ "အဟန့်အတားမဲ့ခရီးသွားလုပ်ငန်း (Barrier Free Tourism) ဆိုင်ရာ အသိပညာပေးသင်တန်း" အား ၃-၃-၂၀၂၃ ရက်နေ့တွင် ပဲခူးမြို့၊ မြို့တော်ခန်းမ၌ ဖွင့်လှစ်ခဲ့ရာ အဆိုပါသင်တန်းသို့ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ တက်ရောက်ခြင်းနှင့်အတူ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဟိုတယ်၊ တည်းခိုရိပ်သာများမှ လုပ်ငန်းရှင်များနှင့်ဝန်ထမ်းများ၊ ဧည့်လမ်းညွှန်များ တက်ရောက်ကြပြီး သင်တန်းသား/သူ(၇၈)ဦး ဖြင့် ဖွင့်လှစ်ခဲ့ပါသည်။



ပဲခူးတိုင်းဒေသကြီးအတွင်းသို့ ၁-၂-၂၀၂၃ မှ ၂၂-၄-၂၀၂၃ ထိ Package Tour များ လာရောက်လည်ပတ်ခဲ့မှုအနေဖြင့် ဖေဖော်ဝါရီလတွင် ခရီးစဉ် (၃၅) ကြိမ်နှင့် ခရီးသွားဧည့်သည် စုစုပေါင်း (၅၃၅) ဦး၊ မတ်လတွင် ခရီးစဉ် (၃၅) ကြိမ်နှင့် ခရီးသွားဧည့်သည် စုစုပေါင်း (၅၂၉) ဦးနှင့် ဧပြီလအတွင်း ခရီးစဉ် (၂၀)ကြိမ်နှင့် ခရီးသွားဧည့်သည် စုစုပေါင်း (၂၇၂)ဦးတို့သည် ရွှေမော်ဓောဘုရား၊ ကျိုက်ပွန်ဘုရား၊ ရွှေသာလျောင်း၊ ကမ္ဘောဇသာဒီနန်းတော်ရာများသို့ လာရောက်လည်ပတ်ကြပါသည်။

## မကွေးတိုင်းဒေသကြီး

**မကွေးတိုင်းဒေသကြီးရုံးမှ ခရီးသွားမြှင့်တင်ရေးဆိုင်ရာဆောင်ရွက်ချက်များ**

ရန်ကုန်မြို့၊ ပြည်သူ့ရင်ပြင်တွင် ၁၀-၂-၂၀၂၃ မှ ၁၄-၂-၂၀၂၃ ထိ ကျင်းပပြုလုပ်ခဲ့သော (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြခန်းများတွင်



မကွေးတိုင်းဒေသကြီးကိုယ်စားပြုပြခန်း၌ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးမှ တိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခရီးစဉ်ဒေသအချက်အလက်ပြ Skill Model များနှင့် ဒေသထွက်ကုန်များကို ခင်းကျင်းပြသခြင်း၊ ခရီးစဉ်ဒေသအချက်အလက် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ပါဝင်ဆောင်ရွက်ခဲ့ပါသည်။



ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအစည်းအဝေး (၁/၂၀၂၃) ကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁)ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး ဒေသတွင်း ခရီးစဉ်ဒေသများဖွံ့ဖြိုးတိုးတက်စေရေးနှင့် ခရီးသွားဧည့်သည်များ ရောက်ရှိနိုင်ရေးအတွက် ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များ ရေးဆွဲတင်ပြဆွေးနွေး ဆောင်ရွက်ခဲ့ကြပါသည်။



မကွေးတိုင်းဒေသကြီးအတွင်းရှိ အမှတ်တရပစ္စည်းများ၊ စားသောက်ကုန်များ၊ အသုံးအဆောင် အဝတ်အထည်မှအစ တန်ဖိုးမြင့်ထုတ်ကုန်ဖြစ်ရန်နှင့် စနစ်တကျ ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာပေးခြင်း၊ အသိပညာပေးဆွေးနွေးပွဲကို (၂၇-၂-၂၀၂၃) ရက်နေ့တွင် မကွေးမြို့ရှိ Royal Palace Hotel ၌ မကွေးတိုင်းဒေသကြီး MSME Agency ဥက္ကဋ္ဌ၊ စီးပွားရေးရာဝန်ကြီးမှ ဦးဆောင်၍ သက်ဆိုင်ရာဌာနများနှင့် MSME လုပ်ငန်းရှင် (၄၀) ဦးတို့အား အသိပညာပေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

## မန္တလေးတိုင်းဒေသကြီး

**ထိုင်းဘာသာစကားပြောသင်တန်းဖွင့်ပွဲနှင့် နိုင်ငံအဆင့် Enchanting Myanmar Health & Safety Protocol အသိအမှတ်ပြု တံဆိပ်ပေးအပ်ခြင်း အခမ်းအနားကျင်းပ**

ရှေးဟောင်းယဉ်ကျေးမှုမြို့တော်၊ ပုဂံခရီးစဉ်ဒေသ၊ ခရီးသွားလုပ်ငန်းမြှင့်တင်

ရန် ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ လမ်းညွှန်မှု၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ၊ ပုဂံရုံးခွဲနှင့် Best Travels & Agency (Thailand) နှင့် ပူးပေါင်းဖွင့်လှစ်သော ထိုင်းဘာသာစကားပြောသင်တန်းနှင့် နိုင်ငံအဆင့် Enchanting Myanmar Health & Safety Protocol အသိအမှတ်ပြု တံဆိပ်ပေးအပ်ခြင်း အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဖေဖေါ်ဝါရီလ (၇) ရက် နံနက်ပိုင်းတွင် ညောင်ဦးမြို့ ရှိ Heritage Bagan Hotel ခန်းမတွင် သင်တန်းဖွင့်ပွဲကျင်းပပြုလုပ်ခဲ့ပါသည်။




အဆိုပါ အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် ဖိတ်ကြားထားသည့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းနှင့် ပါဝင်ပတ်သက်သည့် အသင်းအဖွဲ့များ၊ နိုင်ငံအဆင့် Enchanting Myanmar Health & Safety Protocol အသိအမှတ်ပြုတံဆိပ်ရ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြနှင့် သင်တန်းသား/သူ (၁၀၂) ဦးနှင့် စုစုပေါင်း (၁၄၅) ဦး တက်ရောက်ခဲ့ပါသည်။ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ Best Travels & Agency (Thailand) ကိုယ်စား စိုင်းဆွေ ခရီးသွားကုမ္ပဏီမှ တာဝန်ရှိသူ (၁)ဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး၊ နိုင်ငံအဆင့် Enchanting Myanmar Health & Safety Protocol အသိအမှတ်ပြုတံဆိပ်များကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အသီးသီးပေးအပ်ခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ရုတ်သိမ်းခဲ့ပါသည်။

**(၇၆) ကြိမ်မြောက်၊ ပြည်ထောင်စုနေ့ပြပွဲအခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပြခန်း ပါဝင်ပြသခြင်း**




၈-၂-၂၀၂၃ မှ ၁၃-၂-၂၀၂၃ ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့သည့် (၇၆) ကြိမ်မြောက်၊ ပြည်ထောင်စုနေ့ပြပွဲ အခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပြခန်းတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်သည့် ပုဂံယဉ်ကျေးမှုအငွေ့အသက်များသိရှိစေရန် ဝန်ကြီးဌာနပြခန်းသို့ လာရောက်သည့် ဧည့်သည်တော်များကို ပုဂံမြို့သို့သွားရောက်၍ အမှတ်တရ လက်ပန်းချီရေးဆွဲရန် မလိုဘဲ ပြခန်းလာပြည်သူများအား တမူထူးခြားစွာ လက်ပန်းချီပြခန်းကိုထည့်သွင်းပြနိုင်ရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ စီစဉ်မှု၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ပုဂံရုံးခွဲ၏ ပူးပေါင်းပါဝင်မှုဖြင့် ပုဂံမြို့မှ လက်ပန်းချီပညာရှင် (၄) ဦးတို့က ပြခန်းလာ ပြည်သူများအား ရှေးဟောင်းယဉ်ကျေးမှုမြို့တော်၊ ပုဂံခရီးစဉ်ဒေသ၏ ခရီးသွားလုပ်ငန်းမြှင့်တင်ရန် ရည်ရွယ်၍ လက်ပန်းချီရေးဆွဲရန်အတွက် အဆိုပါအခမ်းအနားသို့ သွားရောက်ပြသရေးဆွဲခဲ့ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး

**၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ကိုယ်စားပြုပြခန်းပါဝင်ပြသခြင်း**



၂၀၂၃ ခုနှစ်၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများ တိုင်းရင်းသားရိုးရာအစားအစာနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ကိုယ်စားပြုပြခန်း ဒေသထွက်ကုန်ပစ္စည်းအရောင်း ပြခန်းများ ပြပွဲဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၀ ရက်နေ့မနက်ပိုင်းက ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်သူ့ရင်ပြင်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဝန်ကြီးဌာနပြခန်း တာဝန်ခံများ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှပြခန်း တာဝန်ခံဝန်ကြီးများ တိုင်းရင်းသားရိုးရာအစားအစာ ဒေသထွက်ကုန်အရောင်းပစ္စည်းအရောင်းဆိုင်များ၊ ပြခန်းများနှင့် တိုင်းရင်းသားရိုးရာအကအဖွဲ့များ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြခန်းများ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများအား ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ မှ ၁၄ ရက်နေ့အထိ ကျင်းပခဲ့သည်။

**မြန်မာ့ခရီးသွားပြပွဲ (Myanmar Travel Fair–2023) ပြပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပခြင်း**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ ကျင်းပပြုလုပ်သည့် မြန်မာခရီးသွားပြပွဲ (Myanmar Travel Fair -2023) ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၇-၁-၂၀၂၃ ရက်နေ့ (သောကြာနေ့)၊ နံနက်ပိုင်းတွင် ရန်ကုန်မြို့ဝန်ကြီးများရုံး (The Secretariat Yangon) တွင် ပြုလုပ်ရာ အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ရန်ကုန်တိုင်းတာဝန်ခံနှင့်ရုံးအဖွဲ့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်၊ စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ခရီးသွားလုပ်ငန်းနယ်ပယ်မှ ညီနောင်အသင်း

ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ Main Sponsor ဖြင့် ပံ့ပိုးပေးသော မြန်မာအမျိုးသားလေကြောင်းလိုင်း(Myanmar National Airlines) နှင့် ပြပွဲတွင် ပါဝင်ပြသကြသော လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပါသည်။



အဆိုပါ မြန်မာခရီးသွားပြပွဲ (Myanmar Travel Fair -2023) ပွဲကို ဝန်ကြီးများရုံး၌ ၂၇-၁-၂၀၂၃ မှ ၂၉-၁-၂၀၂၃ အထိ ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သော ပြခန်းပေါင်း (၃၅) ခန်း ကျော် ပြသရောင်းချခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်နှင့်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် ဖေဖော်ဝါရီ ၂၁ နံနက်ပိုင်းတွင် ရေဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ ကမ်းခြေဒေသနှင့် ဆက်စပ်သော ခရီးစဉ်ဒေသများ၌ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးလာစေရေး၊ ပြည်ပခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လာစေရေး၊ ပြည်တွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ ငွေဆောင်နှင့် ချောင်းသာကမ်းခြေဒေသများ၌ ပွဲတော်ကာလများအတွင်း ခရီးသွားဧည့်သည်များ တည်းခိုနေထိုင်မှု အဆင်ပြေစေရေးနှင့် ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်နိုင်ရေးတို့အတွက် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်ဟိုတယ်သို့ ရောက်ရှိကာ ပုသိမ်မြို့ရှိ ဟိုတယ်လုပ်ငန်းရှင်များနှင့် ဟိုတယ်များမှ တာဝန်ရှိသူများကို တွေ့ဆုံသည်။ ရှေးဦးစွာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရေဝတီတိုင်းဒေသကြီး ပုသိမ်ရုံးခွဲတာဝန်ခံ ညွှန်ကြားရေးမှူးက ရေဝတီတိုင်းဒေသကြီး အတွင်း ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းဆိုင်ရာ ဆောင်ရွက်နေမှု၊ ခရီးသွားမြှင့်တင်ရေးနှင့် ခရီးသွားလုပ်ငန်း ဖော်ဆောင်နေမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရေဝတီတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ အချိန်တိုအတွင်း မူလအခြေအနေသို့ ရောက်ရှိရန်နှင့် ထိုမှတစ်ဆင့် ပိုမိုတိုးတက်လာစေရေးအတွက် အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်နိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းမှာ နိုင်ငံတော်အတွက် အကျိုးရှိသော လုပ်ငန်းဖြစ်သကဲ့သို့ ဒေသခံလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို လည်း အထောက်အပံ့ဖြစ်စေပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက တိုးတက်လာ သည့်အတွက် ၂၀၂၃ ခုနှစ်တွင် ပိုမိုတိုးတက်လာစေရန် အားလုံးဝိုင်းဝန်း ကြိုးစားသွားကြစေလိုပါကြောင်း၊ အလားတူ ပြည်တွင်းခရီးသွားလုပ်ငန်း တိုးတက်ရေးကိုလည်း အလေးထားကြိုးစား အကောင်အထည်ဖော်သွားကြရ မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန အနေဖြင့် ပြည်ပခရီးသွားဈေးကွက်ရရှိရေးကို ဆောင်ရွက်လျက်ရှိရာ အသင်းအဖွဲ့များနှင့် လုပ်ငန်းလုပ်ကိုင်သူများအားလုံး ပူးပေါင်းပါဝင်ကြစေလိုပါကြောင်း၊ လုပ်ငန်းတိုးတက်ရေးအတွက် ဆောင်ရွက် ကြရာတွင်လည်း နိုင်ငံ၏ အကျိုးစီးပွား၊ ဒေသ၏ အကျိုးစီးပွားတို့ကို ဂရုစိုက် အလေးထားကြရန် လိုအပ်ပါကြောင်း၊ ဟိုတယ်များအနေဖြင့် မိမိတို့ဟိုတယ်သို့ လာရောက် တည်းခိုကြသည့် ဧည့်သည်များ တန်ဖိုးနှင့်ညီမျှသော ဝန်ဆောင်မှု ကောင်းများ ပေးစွမ်းနိုင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များအား ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ကာ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အတူ ချောင်းသာကမ်းခြေဒေသရှိ AZURA ဟိုတယ်တွင် ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရေဝတီ တိုင်းဒေသကြီးအတွင်းသို့ ခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လာရေး အတွက် မူဝါဒပိုင်းဆိုင်ရာနှင့် စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ ကဏ္ဍနှစ်ခုကို ဟန်ချက်ညီစွာ ဝိုင်းဝန်းကြိုးစား အကောင်အထည်ဖော်ကြရေး၊ သဘာဝနှင့်လိုက်လျောညီထွေ ဖြစ်ပြီး မပျက်စီးသေးဘဲ ပကတိအတိုင်း သာယာလှပမှုရှိသော ကမ်းခြေဒေသ များဖြစ်နေစေရေး၊ ဧည့်သည်များ ပိုမိုလာရောက်ကြရန် ဈေးကွက်မြှင့်တင် ကြော်ငြာရေး၊ ကမ်းခြေဒေသပတ်ဝန်းကျင်နှင့် ဆက်စပ်ပြီး ခရီးသွားဆွဲဆောင် ရာ နေရာများဖော်ထုတ်ကြရေး၊ ဒေသထွက်ထုတ်ကုန်များနှင့် ကြိမ်ထည်ပစ္စည်း များအား တွင်ကျယ်စွာ အသုံးပြုကြရေးနှင့် ချောင်းသာဒေသ ခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် ဝိုင်းဝန်းလုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စု ဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ကာ ချောင်းသာကမ်းခြေသို့ ခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေ နေမှုကို လှည့်လည်ကြည့်ရှုသည်။

ဖေဖော်ဝါရီ ၂၂ တွင် ပြည်ထောင်စုဝန်ကြီးသည် ငွေဆောင်ကမ်းခြေဒေသရှိ ယမုံနာဦးဟိုတယ်၌ ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်များ မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်-ငွေဆောင် ကားလမ်းဘေး ၁၉ မိုင် ငွေဆောင်အပန်းဖြေဆင်စခန်းသို့ သွားရောက်ကာ ခရီးသွားဧည့်သည်များ ဆင်စီးအပန်းဖြေအနားယူနိုင်ရန် ပြင်ဆင်ဆောင်ရွက် ထားရှိမှုများကို ကြည့်ရှုသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုသိမ်ရုံးခွဲသို့ ရောက် ရှိကာ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ကြီးဌာနသည် ဝန်ဆောင်မှုပေးရသော ဌာနဖြစ်သည့်အတွက် လုပ်ငန်းလုပ်ကိုင်သူများအားဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ကူညီပံ့ပိုးပေးရန် မှာကြားခဲ့ပါသည်။

(သတင်းစဉ်) Source From: Kyemon